ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန် ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၆ - ၆ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ မြေစစ်အစည်းအဝေးတက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဗိုလ်မှူးကြီးညွန့်ဝင်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြား သူ(၇)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးအပ်ပါတယ်။

**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ဟောင်း ဇရိယာအတွင်း ဟိုတယ်နှင့် တည်းခိုခန်းများအား ချထား ပေးသော မြေများကို ပြန်လည်တိုင်းတာပြီး ခွင့်ပြုဧရိယာထက် ကျော်လွန် အသုံးပြုမှုများရှိပါက အိမ်ရာမရှိသေးသော ဒေသခံများအား မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် က ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ဟောင်း ဇရိယာအတွင်း ဟိုတယ်နှင့် တည်းခိုခန်းများအား ချထားပေးသော မြေများကို ပြန်လည်တိုင်းတာပြီး ခွင့်ပြုဧရိယာထက် ကျော်လွန် အသုံးပြုမှုများရှိပါက အိမ်ရာ မရှိသေးသော ဒေသခံများအား မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသော ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင် ဖြစ်ပါတယ်။

ကျွန်မ မေးမြန်းသွားမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ဟောင်း ဇရိယာအတွင်းမှာ ဟိုတယ်နှင့် တည်းခိုခန်းများအား ချထားပေးတဲ့မြေတွေကို ပြန်လည်တိုင်းတာပြီး တော့ ခွင့်ပြုဧရိယာထက် ကျော်လွန် အသုံးပြုမှု ရှိ/မရှိကို ပြန်လည်စိစစ်ပြီးတော့ ကျော်လွန် အသုံးပြုမှုများရှိပါက အိမ်ရာ မရှိသေးသော ဒေသခံများအား မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ဟောင်း စည်ပင်နယ်နိမိတ်အတွင်းမှာ ၂၀၁၃ ခုနှစ်က စပြီးတော့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ ဆောက်လုပ်ခဲ့ကြပါတယ်။ ဒီလို ဆောက်လုပ်လာစဉ် ကတည်းက ကန်ပက်လက်မြို့ဟောင်း စည်ပင်နယ်နိမိတ်အတွင်းမှာ ဟိုတယ်တွေ ဆောက်လုပ်မှုကို ဘယ်လိုပုံစံနဲ့ ချထားပေးခဲ့တယ်ဆိုတာကို ဒေသခံပြည်သူလူထုက ပွင့်လင်းမြင်သာမှုသိရှိခွင့် မရခဲ့ သလို မြေအသုံးချမှုနဲ့ ပတ်သက်ပြီးလည်း ပွင့်လင်းမြင်သာမှု မရှိခဲ့တဲ့အတွက် ဒေသခံတွေဟာ ကန့်ကွက်ဖို့တောင် မသိရှိလိုက်ရဘဲနဲ့ ဟိုတယ်တွေ ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

ဒေသခံပြည်သူအများစုဟာ ပေ(၄၀ x ၆၀) မြေကွက်တစ်ကွက်ကိုတောင် ရရှိဖို့ မလွယ်ကူတဲ့ အချိန်မှာ ဟိုတယ်တွေက ဘယ်ရွေ့ဘယ်မျှ မြေအသုံးချမှု ရရှိထားတာကို မသိရတဲ့အပြင် ရရှိ

ထားတာထက်ပိုပြီး အသုံးချမှု ရှိ/မရှိကိုလည်း စိစစ်မှုမရှိတဲ့အတွက် ဒေသခံပြည်သူများက သက်ဆိုင်ရာ မြေအသုံးချမှု ဆောင်ရွက်တဲ့ဌာနတွေနဲ့ ဟိုတယ်တွေအပေါ်မှာ သံသယပွားလျက်ရှိနေကြပါတယ်။ မြို့ဟောင်းလမ်းဘေး ပေ(၆၀ x ၈၀) ချန်လှပ်ပြီးတော့ ဟိုတယ်တွေကို ချထားပေးတယ်လို့ သိရှိရပေမယ့် လက်တွေ့မှာ ဟိုတယ်များအားလုံးဟာ လမ်းဘေးကပ်လျက်မှာ ရှိနေတာကိုလည်း ဘယ်လိုနားလည်ရမှန်းမသိဖြစ်နေကြပါတယ်။

ကန်ပက်လက်မြို့ဟောင်းဧရိယာသည် အမျိုးသားဥယျာဉ်အတွင်း ဧက(၃၀၀)ခန့် ပါဝင်သွားတဲ့အပြင် ကျန်မြေများမှာလည်း ဟိုတယ်များဖြစ်နေတဲ့အတွက် ဒေသခံအများစုဟာ ပေ(၄၀ x ၆၀) လျှောက်ထားရယူနိုင်ခြင်းမရှိဘဲနဲ့ မြေယာပြဿနာတွေ ရှုပ်ထွေးပြီးတော့ ဒေသခံပြည်သူများကျေနပ်မှုမရှိတာကို တွေ့ရှိရပါတယ်။ မြေတွေကို ယူပြီးတော့ ဟိုတယ်ဆောက်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ ဟိုတယ်များကလည်း စီးပွားရေးတွက်ခြေကိုက်မှုတစ်ခုကိုပဲ ဦးတည်ပြီးတော့ ဒေသအတွက် လူမှုအကျိုးပြု ဆောင်ရွက်ချက်တွေ၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထည့်ဝင်ငွေတွေ ပါဝင်ဆောင်ရွက်ခြင်း မရှိတာကိုတွေ့ရပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ ကန်ပက်လက်မြို့ဟောင်း ဧရိယာအတွင်းမှာရှိတဲ့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ ချထားပေးတဲ့မြေတွေကို ပြန်လည်တိုင်းတာပြီးတော့ ခွင့်ပြုဧရိယာထက် ကျော်လွန်အသုံးပြုမှုများ ရှိပါက မြေကွက်မရှိသေးသော ဒေသခံများအား မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဟိုတယ်များနဲ့ တည်းခိုခန်းများမှာ ဒေသအတွက် လူမှုတာဝန်သိလုပ်ငန်းတွေကို ဆောင်ရွက်ရန် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သွားမည်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအား မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၂။**

**ဦးအုန်းမောင် (ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း၊ ကျွန်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မှ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့်

ဒီကနေ့အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ဟောင်း ဧရိယာအတွင်း ဟိုတယ်နှင့် တည်းခိုခန်းများအား ချထားပေးသော မြေများကို ပြန်လည်တိုင်းတာပြီး ခွင့်ပြုဧရိယာထက် ကျော်လွန်အသုံးပြုမှု ရှိ/မရှိကို ပြန်လည်စိစစ်ပြီး ကျော်လွန်အသုံးပြုမှုများ ရှိပါက အိမ်ရာမရှိသေးသော ဒေသခံများအား မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့က မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့အောင်မြင်သော ခရီးသွားလုပ်ငန်းတစ်ရပ် ပေါ်ထွန်းလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသခံများရဲ့ စီးပွားရေးတိုးတက်ကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး၊ အစိုးရနဲ့ ပုဂ္ဂလိကကြားတွင် တာဝန်သိမှု ပူးပေါင်းဆောင်ရွက်ခြင်း (Responsible Private Public Partnership) ပိုမိုအားကောင်းလာစေရေးတို့အတွက် ရည်ရွယ်ကာ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ဟိုတယ်၊ တည်းခိုခန်းများကို ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလာပါတယ်။

ချင်းပြည်နယ် ကန်ပက်လက်မြို့ဟောင်း ဧရိယာအတွင်းတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော ဟိုတယ်အဆောက်အအုံ(၅)လုံး၏ မြေနေရာ၊ မြေယာပိုင်ဆိုင်မှုများသည် ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် မြေအသုံးပြုခွင့်ရရှိထားခြင်း၊ ဒေသခံမြေပိုင်ရှင်များထံမှ ဝယ်ယူထားခြင်း၊ မူလမြေပိုင်ဆိုင်ထားသူများနှင့် အကျိုးတူ မြေယာငှားရမ်းထားခြင်းတို့ဖြစ်ပြီး တည်ဆဲမြေယာဥပဒေများနှင့်အညီ မြေငှားဂရန်များ လျှောက်ထားရယူ၍ အသုံးပြုလျက်ရှိသော မြေများဖြစ်ပါကြောင်း ၎င်းတို့ မြေငှားဂရန် ရရှိထားသည့် မြေဧရိယာများသည် ခွင့်ပြုဧရိယာထက် ကျော်လွန်၍ အသုံးပြုမှုများ မရှိပါကြောင်း ဖြေကြားထားပါတယ်။

ကန်ပက်လက်မြို့ဟောင်း လမ်းဘေးတစ်လျှောက် ကားလမ်းဘေး ဝဲယာများတွင် ချန်လှပ်ထားသော မြေများနှင့် စပ်လျဉ်း၍ အဆိုပါမြေများတွင် ပေ(၆၀ x ၈၀) မြေကွက်များမရှိဘဲ ၂၀၁၁ ခုနှစ် မတိုင်မီကပင် ပုဂ္ဂလိက(၁၈)ဦးအား မြေစာရင်း ပုံစံ(၁၀၅)(၁၀၆)များ ရေးဆွဲပေးခဲ့သည့် မြေနေရာများဖြစ်ပြီး ၎င်းမြေနေရာများတွင် အဆိုပါပုဂ္ဂိုလ်များမှ နေထိုင်မှုမရှိသေးသည့်အပြင် မြေငှားဂရန်များ လျှောက်ထားလာခြင်း မရှိသေးပါကြောင်း ဖြေကြားထားပါတယ်။

၁၇-၉-၂၀၁၈ ရက်နေ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ မပြဋ္ဌာန်းမီက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာ ကြိုတင်တည်ဆောက်ခြင်း

ဆိုင်ရာ ခွင့်ပြုမိန့်ပေးခြင်း၊ ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာတွင် တင်ပြလာသော အဆိုပြု လျှောက်ထားချက်များတွင် မြေယာ ပိုင်ဆိုင်မှု အထောက်အထားများ သို့မဟုတ် အကျိုးတူပူးပေါင်း မြေယာငှားရမ်းထားမှု အထောက်အထားများအပေါ် ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ ပြီးမှသာ ခွင့်ပြုပေးခဲ့ပါတယ်။

ယခုအခါ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ၂၀၁၈ ခုနှစ်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွဲ့စည်းထားရှိသော ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ အနေဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာ ကြိုတင်တည်ဆောက်ခြင်းဆိုင်ရာ ခွင့်ပြုမိန့်ပေးခြင်း၊ ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်များ ခွင့်ပြု ပေးခြင်းတို့ကို တိုက်ရိုက်ကြီးကြပ် ထုတ်ပေးခွင့်ယူရပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဒင်လိုပါး(Dinlopa)ကျေးရွာနှင့် ဒေါင်ဗား(Dongva) ကျေးရွာတို့ အကြားရှိ ကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဒင်လိုပါး(Dinlopa)ကျေးရွာနှင့် ဒေါင်ဗား(Dongva) ကျေးရွာတို့ အကြားရှိ ကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံးကို ကျန်းမာချမ်းသာစေကြောင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဟားခါးမြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဟားခါးမြို့နယ်အတွင်းမှာရှိတဲ့ ဒင်လိုပါး (Dinlopa) ကျေးရွာနှင့်

ဒေါင်ဗား (Dongva) ကျေးရွာတို့အကြားမှာရှိတဲ့ ကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

ဒင်လိုပါးကျေးရွာဟာဆိုရင် အိမ်ခြေ(၁၀၀)ခန့်နဲ့ လူဦးရေ(၄၆၀)ခန့်ရှိတဲ့ ရွာဖြစ်ပြီးတော့ ဟားခါး – မတူပီလမ်းမကြီးပေါ်မှာ ရှိပါတယ်။ ဟားခါးမြို့မှ တောင်ဘက်(၃၁)မိုင်အကွာမှာရှိတဲ့ ရွာဖြစ်ပါတယ်။ ဒေါင်ဗားကျေးရွာကတော့ ဒင်လိုပါးကနေ အနောက်ဘက်(၁၅)မိုင်အကွာ ဘွေးနူးမြစ်ရဲ့ အနောက်ဘက် ဘွေးပါးတောင်ခြေ၌ရှိတဲ့ရွာ ဖြစ်ပါတယ်။ အိမ်ခြေအားဖြင့်တော့ (၇၂)အိမ်နှင့် လူဦးရေ(၃၆၀)ခန့်ရှိပါတယ်။ ဒေါင်ဗားကျေးရွာဟာဆိုရင် အိမ်နီးချင်းကျေးရွာမရှိတဲ့ရွာ ဖြစ်ပါတယ်။ ဒေါင်ဗား – ဒင်လိုပါးလမ်းအနေနဲ့ ၎င်း၏တစ်ခုတည်းသော ထွက်ပေါက်ဖြစ် ပါတယ်။

ဒေါင်ဗားကျေးရွာဟာဆိုရင် ဘွေးပါးတောင်တန်းကြီးရဲ့ တောင်ခြေမှာရှိတဲ့အတွက် အဖိုးတန်ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဥများ၊ အပင်များ၊ အသီးအရွက်များ၊ ‘ဝ’ဥ၊ အာလူး စတဲ့ သီးနှံအထွက်များတဲ့ဒေသဖြစ်ပါတယ်။ ဒေါင်ဗား– ဒင်လိုပါးလမ်းသည် တစ်ခုတည်းသောလမ်းဖြစ်ပေမယ့် ကျွဲ၊ နွား၊ နွားနောက်တို့ကြောင့် လမ်းမကြာခဏ ပျက်စီးရပါတယ်။ ဒေသထွက် သစ်သီးဝလံများ၊ ဆေးဝါးပင်များကို သယ်ယူပို့ဆောင်တဲ့နေရာမှာ လမ်းကျဉ်းတဲ့အတွက်ကြောင့် အခက်အခဲရှိပါတယ်။ မကြာခဏ မြေပြိုတဲ့အတွက်ကြောင့်လည်း ဈေးကွက်သို့ အချိန်မီ မပို့နိုင်ဘဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေါင်ဗားကျေးရွာသားများ၏ တစ်ခုတည်းသော ထွက်ပေါက်နှင့် အသက်သွေးကြောဖြစ်တဲ့ ဒင်လိုပါး – ဒေါင်ဗား ရွာချင်းဆက်လမ်းကို လမ်းတာချဲ့ထွင်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၉။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ပါ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ရဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဒင်လိုပါး (Dinlopa) ကျေးရွာနှင့် ဒေါင်ဗား (Dongva) ကျေးရွာတို့အကြားရှိတဲ့ ကျေးရွာချင်းဆက်

လမ်းကို လမ်းတာချဲ့ထွင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြား သွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း၊ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်(၉)မြို့နယ်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီနဲ့ ဖွံ့ဖြိုးတိုးတက်စေရန် ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းမှာ ရှိတဲ့ ဒင်လိုပါး (Dinlopa) ကျေးရွာနှင့် ဒေါင်ဗား (Dongva) ကျေးရွာတို့အကြားရှိတဲ့ ကျေးရွာချင်းဆက် ကားလမ်းကို လမ်းတာချဲ့ပေးရန် ကိစ္စနဲ့ပတ်သက်ပြီး ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနဲ့ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ မြေပြင်ကွင်းဆင်း စစ်ဆေးတာကို ကျွန်တော်တို့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ကွင်းဆင်းစစ်ဆေးချက်အပေါ်မှာ မူတည်ပြီးတော့ လမ်းတစ်လျှောက် ကျွန်တော်တို့နယ်မြေ အခြေအနေ၊ နောက်တစ်ခါ အကျိုးပြုတဲ့ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေနဲ့ စိုက်ပျိုးမြေများနှင့် လွတ်ကင်းမှု ရှိ/မရှိ စတဲ့အချက်တို့ကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်နဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ တို့ကနေပြီးတော့ ဦးစားပေး အစီအစဉ်အလိုက် စိစစ်ထောက်ခံ တင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေမှာ ကျွန်တော်တို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကနေစပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေသည့် ဘင်္ဂါလီများကို ပြန်လည်နေရာချထားပေးမည့်ကိစ္စနှင့် ပတ်သက်ပြီး နောက်ထပ် ARSA အကြမ်းဖက်တိုက်ခိုက်မှုမျိုး မဖြစ်ပွားရအောင် မောင်တောမြို့နယ် အတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများ၏ ဘဝလုံခြုံမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ရေး၊ ရေရှည် တည်တံ့နေထိုင်ရေးတို့အတွက် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေသည့် ဘင်္ဂါလီများကို ပြန်လည်နေရာချထားပေးမည့်ကိစ္စနှင့် ပတ်သက်ပြီး နောက်ထပ် ARSA အကြမ်းဖက်တိုက်ခိုက်မှုမျိုး မဖြစ်ပွားရအောင် မောင်တောမြို့နယ် အတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများ၏ ဘဝလုံခြုံမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊

တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ရေး၊ ရေရှည်တည်တံ့နေထိုင်ရေးတို့အတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည့် ဘင်္ဂါလီများထဲမှ လူပေါင်း(၂၂၆၀)ကျော်ကို ပထမအသုတ်အနေဖြင့် တစ်ရက်လျှင် လူ(၁၅၀)နှုန်းခန့် နိုဝင်ဘာလ ၁၅ ရက်နေ့မှစတင်ပြီး လက်ခံသွားမည်ဟု အစိုးရက နိုဝင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။ ARSA အကြမ်းဖက်သမားများက ရဲဘောက်ကျာ ကျေးရွာနှင့် ခမောင်းဆိပ်ကျေးရွာတို့မှ ဖမ်းဆီးခေါ်ဆောင်သွားသော ဟိန္ဒူဘာသာဝင်များအနက် အလောင်း(၄၅)လောင်းကို တွေ့ရှိရပြီး အမျိုးသမီးငယ်(၈)ဦးမှာ တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပါတယ်။ ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောမြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားများနဲ့ ဟိန္ဒူလူမျိုးတို့မှာ မူလနေရာမှ နေရပ်စွန့်ခွာသွားခဲ့ရပါတယ်။ မောင်တောမြို့နယ်အတွင်း ၂၅-၈-၂၀၁၇ ရက်နေ့တွင် ဌာနဆိုင်ရာများဖြင့် ကွင်းဆင်းစာရင်း ကောက်ယူတဲ့အဖွဲ့(၅)ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ၎င်းအဖွဲ့(၅)ဖွဲ့၏ စာရင်းကောက်ယူရာတွင် ဘင်္ဂါလီလူဦးရေ (၁)သိန်းကျော်ခန့်ရှိကြောင်း သိရှိရပါတယ်။ ယခုအခါ ဘင်္ဂါလီများ ခိုးဝင်မှုကြောင့် (၃)(၄)သိန်းခန့် ရှိနေပြီ ဖြစ်ပါတယ်။ ဘင်္ဂါလီများမှာလည်း ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်နေကြတာ တွေ့ရှိရပါတယ်။

ထို့ကြောင့် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ ဘဝလုံခြုံစွာရပ်တည်နေထိုင်နိုင်ရေးနဲ့ ရေရှည်တည်တံ့နေထိုင်နိုင်ရန် တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ရန် လိုအပ်နေပါတယ်။ မောင်တောမြို့နယ်အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုရောက်ရှိနေသည့် ဘင်္ဂါလီများကို ပြန်လည်လက်ခံနေရာချထားပေးမည့်ကိစ္စနှင့် ပတ်သက်ပြီး နောက်ထပ် ARSA အကြမ်းဖက်တိုက်ခိုက်မှုမျိုး မဖြစ်ပွားရအောင် မောင်တောမြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများ၏ ဘဝလုံခြုံမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ရေး၊ ရေရှည်တည်တံ့နေထိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၃။**

**ဦးစိုးအောင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ညှော်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ရဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေသည့် ဘင်္ဂါလီများကို ပြန်လည်နေရာချထားပေးမည့်ကိစ္စနှင့် ပတ်သက်ပြီး နောက်ထပ် ARSA အကြမ်းဖက်တိုက်ခိုက်မှုမျိုး မဖြစ်ပွားရအောင် မောင်တောမြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးများ၏ ဘဝလုံခြုံမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ရေး၊ ရေရှည်တည်တံ့နေထိုင်ရေးတို့အတွက် မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုနိုင်ရန်နှင့် အချက်အလက်များ ပြည့်စုံစွာဖြေကြားနိုင်ရန် ဖြေကြားမှုမှာ (၁၅)မိနစ်ခန့် ကြာမှာဖြစ်တဲ့အတွက် အချိန်ကို ထပ်ဆောင်း ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ၃၀-၅-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး ဗဟိုကော်မတီရဲ့အောက်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့လုပ်ငန်းကော်မတီ(၄)ခုကို ဖွဲ့စည်းထားရှိပါတယ်။ အဆိုပါ လုပ်ငန်းကော်မတီ(၄)ခုအနက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီအနေဖြင့်

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆက်စပ်ဌာနများ၊ ပြည်သူများနှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်ပါ မောင်တောမြို့နယ် အတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူလူမျိုးတို့၏ ဘဝလုံခြုံမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေး တို့အတွက် စီမံဆောင်ရွက်ထားရှိမှုနဲ့ ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့ ရခိုင်ပြည်နယ်၊ မောင်တောဒေသ၌ နယ်မြေလုံခြုံရေးနဲ့ နယ်စပ်ဒေသလုံခြုံရေး ဆောင်ရွက်ရန် နယ်ခြားစောင့်လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ(၄)ခုကို ၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းလှစ်၍လည်းကောင်း၊ ၉-၁၀-၂၀၁၆ ရက်နေ့နဲ့ ၂၅-၈-၂၀၁၇ ရက်နေ့မှာ မောင်တောဒေသ၌ ARSA အကြမ်းဖက်တို့ရဲ့ တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်ပိုင်းမှာ မောင်တောဒေသအတွင်း လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်တဲ့အတွက် ထပ်မံပြီး နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(၄)ခုကို တိုးချဲ့ဖွဲ့စည်းပြီး မောင်တော မြို့နယ်၊ တောင်ပြိုလက်ဝဲမြို့၊ ဘူးသီးတောင်မြို့နယ်တို့ရှိ ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူ လူမျိုးများဘဝ လုံခြုံရေး အပါအဝင် တင်ပြပါအတိုင်း စစ်ကြောင်း (၁၆)ကြောင်း၊ တပ်ခွဲ(၃၆)ခွဲ၊ ရဲတပ်ဖွဲ့မှူးရုံးနှင့် စခန်း(၁၆၃)ခု၊ ဖြန့်ခွဲပြီး ရပ်ကွက်(၁၈)ခုနှင့် ကျေးရွာပေါင်း (၇၄၄)ရွာ ပါဝင်တဲ့ ကျေးရွာအုပ်စုပေါင်း (၁၇၆)အုပ်စုတို့မှာ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဒေသအတွင်း တရားမဝင် ခိုးဝင်မှုများ မရှိစေရေးအတွက် ပိတ်ဆို့ရှာဖွေရေးလုပ်ငန်းအပါအဝင် တရားဥပဒေစိုးမိုးရေးလုပ်ငန်း များကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

လူမျိုးရေး၊ ဘာသာရေးပဋိပက္ခ မဖြစ်စေရေးအတွက်လည်း မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများနဲ့ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတဲ့ ရဲလုပ်ငန်းစနစ်ဖြင့် လုံခြုံရေးကိုရှေးရှု၍ အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်သမားများ နယ်စပ်ဖြတ်ကျော် ဝင်/ထွက်သွားလာမှု မရှိစေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရန် မောင်တောခရိုင်မှာ Border Liaison Office (BLO) ရုံးဖွင့်လှစ်၍ တစ်လအနည်းဆုံး(၂)ကြိမ် တွေ့ဆုံဆွေးနွေး သတင်းဖလှယ်မှုများ ပြုလုပ်ခဲ့ပြီး အင်တာပိုလ်မှ တစ်ဆင့် သတင်းချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၅-၈-၂၀၁၇ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ ARSA အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်အရ ပြစ်မှုကျူးလွန်သူတွေကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနဲ့ လက်နက်မှုဖြင့်(၂၅၄)မှု ရေးဖွင့်ဆောင်ရွက်ထားရှိပြီး ပြစ်မှု ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့မှုများမှာ စုစုပေါင်း(၂၁၈၁၁)ဦးရှိကြောင်း တင်ပြပါအတိုင်း ဖော်ပြအပ်ပါတယ်။

၁၈-၁၁-၂၀၁၇ ရက်နေ့မှာ စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ဖွဲ့ ဗဟိုအဆင့်အစည်းအဝေး ဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးပွဲ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့အား တွေ့ဆုံစဉ်မှာ တရားခံပြေး(၃၂၇၄)ဦးတို့အား ကူညီဖမ်းဆီးပေးနိုင်ရေးအတွက်

ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ကော့ဘဇားသို့ မှတ်တမ်းဓာတ်ပုံ ကိုယ်ရေးအချက်အလက်တို့နဲ့ အတူ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာ ထွက်ပြေးသူများအား ပြန်လည်လွှဲပြောင်း လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာတဲ့ အိမ်ထောင်စု (၆၈၈၆)စုကို ၃၀–၅–၂၀၁၉ ရက်နေ့အထိစိစစ်ခဲ့ရာ မြန်မာနိုင်ငံအတွင်းနေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ (၁၆၈၉၈)ဦး၊ အထောက်အထား မတွေ့ရှိသူ (၈၃၄၀)ဦးရှိပြီး ၎င်းတို့အနက် (၁၆၈)ဦးအား အကြမ်းဖက်စာရင်းတွင် ပါဝင်မှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ချိန်မှာ အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်တဲ့ တရားခံပြေးများ ပါဝင်မှုမရှိစေရေး စိစစ်လက်ခံ ဆောင်ရွက်နိုင်ရန် တောင်ပြိုလက်ဝဲနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတွေမှာ CCTV (၈)လုံးစီနဲ့ လှပိုးခေါင်ကြားစခန်းမှာလည်း မီးဆလိုက်(၈)လုံး တပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အရ ပြန်လည်လက်ခံစဉ်မှာ အလုပ်သမား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ စိစစ်မှုဖြင့် အကြမ်းဖက်သမားများ ပါဝင်လာရင်လည်း ဥပဒေနဲ့အညီ အရေးယူဖို့ စီစဉ်ထားရှိပါတယ်။ မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ နယ်နိမိတ် စာချုပ်အရ သတ်မှတ်ထားတဲ့ နယ်စပ်ဝင်ပေါက်(၄)ခု ရှိတဲ့အနက် လက်ရှိအချိန်မှာ မောင်တော – တက္ကနပ် ဝင်ပေါက်(၁)ပေါက်မှ နှစ်နိုင်ငံ ကုန်သည်များကို Border Pass ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့နဲ့ မြန်မာနိုင်ငံ မောင်တောမြို့ရဲ့ (၅)မိုင်ခန့်အတွင်း ဝင်ထွက်ခွင့်ပြုလျက်ရှိပြီး ရခိုင် ပြည်နယ်၊ မောင်တောမြို့မှာ လူဝင်မှုကြီးကြပ်ရေးကွပ်ကဲမှုဌာနကို ဖွင့်လှစ်၍ တရားမဝင် ဝင်ရောက်မှု မရှိစေရန်အတွက် လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေးများ ရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ပါ တိုင်းရင်းသား ကျေးရွာများ ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်၍ တင်ပြရမယ်ဆိုရင် ရခိုင်ပြည်နယ်၊ မောင်တော ခရိုင်အတွင်း ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်မှုဖြစ်စဉ်များ အပါအဝင် အကြောင်း အမျိုးမျိုးကြောင့် မိမိတို့နေထိုင်ရာ ကျေးရွာများကို စွန့်ပစ်တိမ်းရှောင်ခဲ့ကြရာမှ အစပြုပြီး ၁၉၉၁ ခုနှစ်ကစ၍ ဒေသအတွင်းရှိ ပြန့်ကျဲနေတဲ့ တိုင်းရင်းသားတွေကို စုစည်းပြီး ထူထောင်ထားတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စုစည်းကျေးရွာနှင့် အခြားဒေသမှ နေထိုင်လိုသူ ဆန္ဒပြုသူများကို စုစည်းရွှေ့ပြောင်း၍ ထူထောင်ပေးထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရွှေ့ပြောင်းကျေးရွာများ ထူထောင်ပေးခဲ့ရာ ယခင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး ၁၉၉၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်တို့မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး စုစည်းကျေးရွာ(၂၀)ရွာနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး

ရွှေ့ပြောင်းကျေးရွာ(၁၉)ရွာ စုစုပေါင်း (၃၉)ရွာအပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စုစည်းကျေးရွာ(၂)ရွာ ထူထောင်ပေးခဲ့သဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထူထောင်ပေးခဲ့သော ကျေးရွာပေါင်း (၄၁)ရွာရှိပြီ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူများအား နေအိမ်များဆောက်လုပ်လှူဒါန်းလျက်ရှိရာ ရခိုင်တိုင်းရင်းသားများအတွက် ဆောက်လုပ်ရန်လျာထားတဲ့ နေအိမ်(၁၁၀၉)လုံးတွင် ဆောက်လုပ်ပြီး(၈၄၇)လုံး၊ ဆောက်လုပ်ဆဲ(၅၂)လုံး၊ ဆောက်လုပ်ရန် ကျန်တဲ့အလှူရှင် လိုအပ်ချက် (၂၁၀)လုံး၊ နေရာချထားပြီးမှုမှာ (၅၃၈)လုံး ဖြစ်ပြီး ဟိန္ဒူဘာသာဝင်များအတွက် ဆောက်လုပ်ရန်လျာထားတဲ့ နေအိမ်(၄၁၆)လုံးမှာ ဆောက်လုပ်ပြီး(၄၀၈)လုံး ဆောက်လုပ်ဆဲ(၅)လုံး၊ ဆောက်လုပ်ရန် ကျန်တဲ့ အလှူရှင် လိုအပ်ချက် (၃)လုံး နေရာချထားပြီးမှုမှာ (၁၄၃)လုံးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ပါ တိုင်းရင်းသားများရေရှည်တည်တံ့နေထိုင်ရေးအတွက် ဆောင်ရွက်မှုများအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များ လက်လှမ်းမီရရှိစေရန်နဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်စစ်တွေမြို့မှာ အိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်ကျောင်းကို ၂၀၁၅ ခုနှစ်က ဖွင့်လှစ်ပြီးအပ်ချုပ်၊ အချက်အပြုတ်၊ မုန့်ဖုတ်၊ ပန်းအလှပြင်၊ ဇာထိုး၊ ပန်းထိုး၊ မြန်မာ့ရိုးရာ အစားအစာနဲ့မုန့်လုပ်နည်း စတဲ့အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်း ပညာသင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ၂၀၁၈ ခုနှစ်အထိ သင်တန်းသူစုစုပေါင်း(၁၄၂၅)ဦး ပို့ချပေးနိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာရေးနှစ်တွင် စစ်တွေမြို့နှင့် မောင်တောဒေသအတွင်းရှိ ကျေးရွာသစ်များမှာ ဟိန္ဒူနှင့် ရခိုင်တိုင်းရင်းသားများအပါအဝင် စုစုပေါင်း အမျိုးသမီး(၄၅၃)ဦးကို ရပ်ရွာအခြေပြု အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။

အလားတူပဲ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနများကလည်း အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ၂၅-၈-၂၀၁၇ ရက်နေ့ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထွက်ပြေးတိမ်းရှောင်သူများ၊ သေဆုံး/ပျောက်ဆုံးသူများရဲ့ မိသားစုဝင်များကိုလူသားချင်း စာနာထောက်ထားမှု အကူအညီများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ နိုင်ငံတကာအာဆီယံအဖွဲ့အစည်းများနှင့် INGO အဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်းပေးခဲ့တဲ့အပြင် UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်ဖြင့်လည်း မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့မှ ကျေးရွာပေါင်း(၁၃၀)၊ အိမ်ထောင်စုပေါင်း(၁၀၇၄၄)စု၊ လူဦးရေ(၆၀၀၀၀)ကျော်တို့အတွက်ကိုလည်း ထောက်ပံ့ပေးခဲ့ပါတယ်။ လက်ရှိမှာလည်း ဝန်ကြီးဌာနအနေနဲ့ Red Cross Movement နဲ့ပူးပေါင်းပြီး ထောက်ပံ့မှုအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်း အဓိကအကြပ်အတည်းများဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေး၊ လုံခြုံရေးစတဲ့ အဓိကအကြပ်အတည်းများကို စနစ်တကျဖြေရှင်းဆောင်ရွက်နိုင်ရန် မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၊ ဒုတိယသမ္မတ(၁)ဦးဆောင်သော စုံစမ်းစစ်ဆေးမှု ကော်မရှင်တို့ကိုဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်သင့်တဲ့ လုပ်ငန်းနယ်ပယ်များအလိုက် အခြေခံအကြောင်းတရားများကို ဖော်ထုတ်အကြံပြုစေခဲ့ပါတယ်။ အဆိုပါ ကော်မရှင်(၂)ခုရဲ့ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ၁၂-၉-၂၀၁၇ ရက်နေ့မှာ စတင်ဖွဲ့စည်းပြီး ကော်မရှင်(၂)ခုရဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် ကဏ္ဍ(၁၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမယ့် ကဏ္ဍစုံလုပ်ငန်းစဉ်များမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ ပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၇-၁၀-၂၀၁၇ ရက်နေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း Union Enterprise for Humanitarian Assistance, Resettlement And Development in Rakhine State– UEHRD ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်လျက်ရှိပါတယ်။

UEHRD နှင့် ပုဂ္ဂလိက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI တို့ဖြင့် ပူးပေါင်း၍ ၂၁-၁၀-၂၀၁၇ ရက်နေ့မှာ Task Force လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအဖွဲ့ တစ်ခုချင်းစီအလိုက် သက်ဆိုင်ရာလုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မောင်တောဒေသမှာ ရခိုင်တိုင်းရင်းသားများ နေရပ်စွန့်ခွာပြီးမှ ရွာသစ်တွေ တည်တဲ့အခါမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ပြည်သူများကလည်း ရွာအလိုက်ကို နေအိမ်များ၊ ကျောင်းများ စသည်ဖြင့် ပူးပေါင်းပြီးတော့မှ လှူဒါန်းထောက်ပံ့ပေးခဲ့ပါတယ်။ FAO မှ ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းများအရ ကျေးရွာအုပ်စု (၁၂၆)အုပ်စုတို့ စပါးမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ကွန်ပေါင်းဓာတ်မြေဩဇာများကို စပါးစိုက်ပျိုးရာသီအတွင်း အချိန်မီ ပံ့ပိုးပေးနိုင်ခြင်း ကျေးရွာ(၂၁)ရွာသို့ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုများကို စိုက်ပျိုးချိန်မီ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ ရေရှည်တည်တံ့နေထိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးမှုများအနေဖြင့် စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက်

ဖန်တီးပေးခြင်းကိုလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးကိုလည်းကောင်း၊ ကျွမ်းကျင်လုပ်သားများ ကြိုတင်လေ့ကျင့်ပေးခြင်းအနေဖြင့် သင်တန်းသား (၃၉၀၄)ဦးကို သင်တန်းပေးခြင်း၊ အမျိုးသမီး ဦးစားပေး သင်တန်းသားများ ဖွင့်လှစ်မှုအနေဖြင့် သင်တန်းသား (၃၂၆၈)ဦးကို သင်တန်းပေးနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိရေးဆောင်ရွက်ပေးမှုအနေဖြင့်လည်း မောင်တောခရိုင်အတွင်းမှာ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့မှာ ၂၀၁၈ ခုနှစ်အတွင်းက National Grid ကနေပြီးတော့မှ ဓာတ်အားစနစ်ဖြင့် မီးရရှိပြီးဖြစ်ခြင်းနီးစပ်ရာကျေးရွာများကိုလည်း မီးအားပေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပေးမှုအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တို့မှာ မေယုတောင်ကျော်လမ်း (၄)လမ်း ဖောက်လုပ်ပေးခြင်း၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအတွက် ကုန်းလမ်း၊ ရေယာဉ်လိုင်းတိုးချဲ့ခြင်း၊ လေယာဉ်ကွင်းသစ် တည်ဆောက်ရန် စာချုပ်ချုပ်ဆိုခြင်းတို့ကိုလည်းကောင်း၊ ကျေးလက်ရေရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အသိပညာပေးခြင်း၊ မွေးမြူရေးကဏ္ဍအနေဖြင့် ရခိုင်တိုင်းရင်းသားများအတွက် ဆိတ်၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဖြန့်ဝေပေးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်း SME ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပညာရေးဝန်ဆောင်မှုနဲ့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ရေရှည်မျှော်တွေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်ဟာ ရေရှည်ပဋိပက္ခ ကင်းဝေးစေရန်မှာ တရားဥပဒေစိုးမိုးရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှုမှာကြည့်မယ်ဆိုရင်လည်း ၂၀၁၈ ခုနှစ်၊ စင်ကာပူနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၃၃)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးမှာ ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များမှာ အာဆီယံက ပူးပေါင်းဆောင်ရွက်နိုင်ရန် သဘောတူညီခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ် ဦးဆောင်တဲ့ ASEAN Emergency Response and Assessment Team- ERAT အဖွဲ့ဝင်များဟာ ၇-၃-၂၀၁၉ ရက်နေ့မှ ၁၁-၃-၂၀၁၉ ရက်နေ့အထိ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ငါးခူရ ပြန်လည်လက်ခံရေးစခန်းနှင့် လှပိုးခေါင်ကြားစခန်းတို့တွင် ကနဦး လိုအပ်ချက်ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါအဖွဲ့က တင်ပြလာတဲ့ ကနဦး လိုအပ်ချက်ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကိုလည်း အာဆီယံနဲ့ UN အဖွဲ့အစည်းများထံ ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး မောင်တောဒေသရှိ ဒေသခံတိုင်းရင်းသားများနဲ့ ဟိန္ဒူလူမျိုးများ ဘဝလုံခြုံစွာ ရပ်တည်နိုင်ရေးနှင့် ရေရှည်

တည်တံ့နေထိုင်နိုင်သော တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ARSA အကြမ်းဖက်သမားများ ကျူးလွန်ခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခြင်းများအပြင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်စေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လိုအပ်သော လုံခြုံရေးအင်အားများ တိုးမြှင့်ချထားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် တိုင်းရင်းသားကျေးရွာများ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်တည်တံ့နေထိုင်နိုင်ရေး တို့အတွက် နိုင်ငံတော်အစိုးရနဲ့ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ နေအိမ်များ ဆောက်လုပ်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုပေးခြင်းတို့ကို ရေရှည်ဆောင်ရွက်ပေးရမယ့် အပိုင်းတွေကိုလည်း စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းသည့် မေးခွန်း များသည် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ကျောက်ဖြူ(ရွာသစ်) အခြေခံပညာမူလတန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်တစ်ဆောင်နှင့် ရွှေပြည်သစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဝင်းစားထောင့် ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းတို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီ တို့ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ကျောက်ဖြူ(ရွာသစ်) အခြေခံပညာမူလတန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်တစ်ဆောင်နှင့် ရွှေပြည်သစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဝင်းစားထောင့် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီ

တို့ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း(၂၈၃)ရွာရှိပြီး စာသင်ဆောင်များအဖြစ် အထက်တန်းကျောင်း (၁၀)ကျောင်း၊ အ.ထ.က(ခွဲ)ကျောင်း(၁၁)ကျောင်း၊ အလယ်တန်းကျောင်း (၂၁)ကျောင်း၊ အ.လ.က(ခွဲ)(၂၂)ကျောင်း၊ မူလွန် (၄၁)ကျောင်း၊ အ.မ.က(၁၁၈)ကျောင်း၊ အ.မ.က(ခွဲ)(၃၃)ကျောင်း၊ စုစုပေါင်း(၂၅၆)ကျောင်း ရှိနေပါတယ်။ အဆိုပါကျောင်းများတွင် ကျောင်းအဆောက်အအုံ ဆောက်လုပ်ပေးရန် များစွာ လိုအပ်ချက်များရှိနေကြောင်း သိရပါတယ်။ Power Point ဖြင့် ပြသခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ပုံမှာမြင်ရတဲ့ ကျောင်းတွေကတော့ လက်ရှိ ကျွန်တော်မေးမြန်းတဲ့ ကျောင်းတွေရဲ့ လက်ရှိ ကျောင်းဆောင်အနေအထားတွေ ဖြစ်ပါတယ်။

ကျောက်ဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှာ ကျောင်းသားအင်အား (၄၂)ဦးရှိပြီး လက်ရှိ ကျောင်းဆောင်မှာ(၄၅ x ၂၅ x ၁၀) ပေရှိတဲ့ ယာယီအဆောက်အအုံ သွပ်မိုး၊ ဝါးခင်းအဆောက်အအုံပဲဖြစ်ပါတယ်။ ယာယီအဆောက်အအုံမျှသာဖြစ်ပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ မိုးရာသီတွင် ရေမြုပ်ပြီး ပညာသင်ကြား၍ မရရှိတော့ပါ။ မဖြစ်မနေ ဆောက်လုပ်ပေးသင့်တဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ရွှေပြည်သစ်ကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းသားအင်အား (၁၈၇)ဦးရှိပြီး လက်ရှိကျောင်းဆောင်မှာ(၆၀ x ၃၀ x ၁၂) ပေ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင်ပဲရှိပါတယ်။ ကျောင်းသားအင်အားနဲ့ ကျောင်းဆောင် လုံလောက်မှု မရှိတဲ့ကျောင်းဖြစ်ပါတယ်။ ဥပမိရုပ်မကောင်းတဲ့ကျောင်းဆောင် (၁)ဆောင်ရှိနေပါတယ်။ ကျေးရွာမှာ အိမ်ထောင်စု (၃၅၀)ရှိပြီး လူဦးရေ (၂၀၀၀)ကျော်ခန့်ရှိတဲ့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ကျောင်းအဆောက်အအုံ ဆောက်လုပ်ရန် လိုအပ်တဲ့ ကျောင်းဆောင်ပဲဖြစ်ပါတယ်။ ဝင်းစားထောင့် ကျေးရွာ အလယ်တန်းကျောင်းမှာ ကျောင်းသားအင်အား (၁၁၀)ဦးရှိပြီး လက်ရှိကျောင်းဆောင်မှာ (၇၀ x ၃၀ x ၁၂) ပေ အုတ်ညှပ်ကျောင်းဆောင် တစ်ဆောင်သာ ရှိပါတယ်။ ဥပမိရုပ်မကောင်းပါ။

ကျောင်းသားအင်အားနဲ့ ကျောင်းဆောင် လုံလောက်မှုမရှိတဲ့အတွက် အဆောက်အအုံ ဆောက်လုပ်ပေးရန် လိုအပ်တဲ့ကျောင်းဖြစ်ပါတယ်။

အဆိုပါ ကျောင်း(၃)ကျောင်းမှာ ဥပဓိရုပ်မကောင်းခြင်း၊ ကျောင်းသား၊ ကျောင်းဆောင် လုံလောက်မှု မရှိခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ်ရှိ ကျောက်ဖြူ (ရွာသစ်) အ.မ.က(ခွဲ)ကျောင်းတွင် ကျောင်းဆောင်တစ်ဆောင်နှင့် ရွှေပြည်သစ်ကျေးရွာ အ.မ.က ကျောင်းနှင့် ဝင်းစားထောင့်ကျေးရွာ အလယ်တန်းကျောင်းတို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီတို့ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောက်ဖြူ ရွာသစ်ကျေးရွာ အ.မ.က(ခွဲ) လက်ရှိယာယီ ကျောင်းဆောင် မြင်ကွင်းပုံ (ဆဆ)



ရွှေပြည်သစ်ကျေးရွာ မူလတန်းကျောင်း ယာယီဆောင် မြင်ကွင်းပုံ (ဆဆ–၁)



ရွှေပြည်သစ်ကျေးရွာ မူလတန်းကျောင်းဆောင်(၆၀ X ၃၀ X ၁၂)ပေ မြင်ကွင်းပုံ (ဆဆ-၂)




**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ မံမလင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ မံမလင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။

ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ မံမလင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်း မေးမြန်းရခြင်းရဲ့ အခြေခံအကြောင်းပြချက်များကို အနည်းငယ် တင်ပြလိုပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ မံမလင်းကျေးရွာသည် ဗန်းမော်မြို့နှင့် (၇)မိုင်၊ ပင်မကျောင်း အ.ထ.က(၁)နှင့်(၇)မိုင်ကျော်ဝေးကွာပြီး အထက်တန်းကျောင်း တစ်ကျောင်းမှမရှိသော ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင်ရှိပါတယ်။ မံမလင်းကျေးရွာမှ

ဇန်းမော်မြို့သို့ ရေလမ်းခရီးဖြင့်သာ သွားလာနိုင်ပြီး ဧရာဝတီမြစ်ရေကြီးချိန်တွင် အထက်တန်းကျောင်းတက်ရန် ကျောင်းသား၊ ကျောင်းသူများသည် တစ်ဖက်ကမ်းသို့ သွားလာရာတွင်ရေလမ်းခရီးဖြစ်၍ အခက်အခဲဖြစ်ပြီး အသက်အန္တရာယ်လည်း စိုးရိမ်ရပါတယ်။ မတော်တဆ ကျောင်းသား၊ ကျောင်းသူများ စီးသွားသော လှေ၊ မော်တော်နစ်မြုပ်သွားပါက တိုင်းပြည်အတွက် အဖိုးတန်ကျောင်းသား၊ ကျောင်းသူများ ဆုံးရှုံးရမှာဖြစ်ပါတယ်။

မံမလင်းကျေးရွာသည် ကျေးရွာအုပ်စုကြီးဖြစ်ပြီး ပတ်ဝန်းကျင် အရံကျေးရွာ(၁၁)ရွာမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေသော ကျောင်းလည်းဖြစ်ပါတယ်။ မံမလင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၂၀၀၀-၂၀၀၁ ခုနှစ် ပညာသင်နှစ်မှစ၍ ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုဆိုရင် (၁၉)နှစ်ကျော်ကြာမြင့်နေပါတယ်။ ထိုကဲ့သို့ မံမလင်းကျေးရွာအုပ်စုတွင် အခြေခံပညာအထက်တန်းကျောင်းမရှိသဖြင့် အထက်တန်းကျောင်းတက်မည့် မံမလင်းကျေးရွာအုပ်စု ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းကျောင်းရှိသော ဇန်းမော်မြို့အထက်တန်းကျောင်းသို့ မိုးတွင်းအခါ အသက်စွန့်၍ နေ့စဉ်နှင့်အမျှ ရေလမ်းခရီးဖြင့် သွားလာနေရပါတယ်။ ကျေးရွာမှ ကျောင်းသားမိဘများမှာလည်း မိမိကလေး ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းရန် ရင်တမမစိတ်မချမ်းမြေ့ ဖြစ်နေရပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ မံမလင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားရှိနိုင်ရေး အခြေအနေနှင့် တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာ/ဆရာမများအား အိမ်ခန်း၊ အဆောင်များ ချထားပေးရာတွင် သတ်မှတ်ထားသော မူဝါဒများနှင့် လိုအပ်လျက်ရှိသော အိမ်ခန်း၊ အဆောင်များရရှိရန် မည်သို့စီမံထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားရှိနိုင်ရေး အခြေအနေနှင့် တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား အိမ်ခန်း၊ အဆောင်များ ချထားပေးရာတွင် သတ်မှတ်ထားသော မူဝါဒများနှင့် လိုအပ်

လျက်ရှိသော အိမ်ခန်း၊ အဆောင်များရရှိရန် မည်သို့စီမံထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၅။**

**ဒေါ်အိအိပြုံး၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရေဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာ အခြေခံပညာဦးစီး ဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှာ နေ့စားလပေး ရုံးဝန်ထမ်းများစွာ ရှိနေပါတယ်။ ထိုအထဲ မှာလည်း အခြေခံပညာဦးစီးဌာနအတွင်းမှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စုစုပေါင်း (၁၉၀၂)ဦး ရှိနေတယ်လို့လည်း ကြားသိရပါတယ်။ အဆိုပါဝန်ထမ်းများကို ၁-၈-၂၀၁၆ ရက်နေ့မှစ၍ ခန့်အပ်ထားပြီးတော့ ယနေ့အချိန်အထိ အမြဲတမ်းဝန်ထမ်းအဖြစ် အတည်ပြုခန့်အပ်နိုင်ခြင်း မရှိ သေးတာကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါ နေ့စားလပေးဝန်ထမ်းများဟာ အမြဲတမ်းဝန်ထမ်းများ ကဲ့သို့ အချိန်ပြည့်တာဝန်များကို ထမ်းဆောင်နေကြရသော်လည်း ပိတ်ရက်ကဲ့သို့သော ခွင့်အမျိုးမျိုးကို ခံစားခွင့်မရရှိဘဲ နစ်နာလျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ အသက်အရွယ် ကန့်သတ်ချက်များ အရလည်း အခြားသော လုပ်ငန်းခွင်ဌာနများသို့ ပြောင်းရွှေ့ရန် အခွင့်အလမ်း နည်းပါးလျက်ရှိတာကို လည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အလုပ်သမားဥပဒေမှာ ဆိုလို့ရှိရင် အစမ်းခန့်ကာလဟာ (၃)လသာ ခွင့်ပြု ထားသော်လည်း ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဝန်ထမ်းတွေဟာဆိုလို့ရှိရင် (၃)နှစ်တာကာလ ရှိနေတာတောင်မှ အမြဲတမ်းဝန်ထမ်းအဖြစ်ရရှိရန် မသေချာသော အခြေအနေတွေကို တွေ့ရှိနေရ ပါတယ်။ ဆက်လက်ပြီး အဆင့်မြင့်ပညာဦးစီးဌာနလက်အောက် တက္ကသိုလ်အသီးသီးမှာရှိတဲ့ အိမ်ခန်း၊ အဆောင်များ ချထားပေးရာမှာလည်း ချမှတ်ထားတဲ့ အမှတ်ပေးစည်းမျဉ်း သတ်မှတ်ပုံစံများ လျှောက်လွှာခေါ်ယူရာမှာလည်း တရားဝင်ဖော်ပြခြင်း မရှိတာကိုတွေ့ရှိရပြီး အိမ်ထောင်သည်များ ကိုသာ ဦးစားပေးအိမ်ခန်းများ ချထားပေးကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံအတွက် အလွန်အရေးပါလှသော ဆရာ၊ ဆရာမများကို တာဝန် ထမ်းဆောင်စဉ်ကာလတစ်လျှောက်မှာ နေထိုင်ရေးအတွက် စိုးရိမ်ကြောင့်ကြစရာမလိုဘဲ အေးချမ်းစွာဖြင့် ယခုထက်ပိုမို အလုပ်လုပ်နိုင်ရန်အတွက် လုပ်သက်၊ ရာထူးအလိုက် လူပျို၊ အပျို ခွဲခြားမှုမရှိဘဲ အိမ်ခန်းနေရာများ ချထားပေးရန် လိုအပ်ပါတယ်။ ချထားပေးတဲ့အခန်းများတွင် အမှန်တကယ်

နေထိုင်ခြင်း ရှိ/မရှိ မကြာခဏစိစစ်ပြီး အမှန်လိုအပ်နေသော ဆရာ၊ ဆရာမများအတွက် အိမ်ခန်း အလေအလွင့် မရှိရန်လည်း စီမံပေးသင့်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယခု တင်ပြချက်များဟာ တက္ကသိုလ်အသီးသီးမှာရှိတဲ့ ဆရာ၊ ဆရာမများ ထံမှ ရရှိတဲ့ စစ်တမ်းလွှာများမှ ဖော်ပြကြသော ဆရာ၊ ဆရာမများ ဖြစ်စေချင်ကြသော အခြေအနေ များဖြစ်ကြပါတယ်။ ပြည်ထောင်စုဝန်ကြီးမှလည်း ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ပျော်ရွှင်အောင် ထားရမယ်ဟု လမ်းညွှန်ချက်များ ရှိသည်နှင့်အညီ ဝန်ထမ်းအိမ်ရာမှအစ တန်းတူညီမျှ ရရှိရန်နှင့် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စစ်တမ်းတစ်ခုမှာဆိုရင် (၁.၅)ရာခိုင်နှုန်းသာ ကိုယ်ပိုင်အိမ်ခန်းပိုင်ဆိုင်သူ ရှိနေသောကြောင့် ဆရာ၊ ဆရာမများ အနာဂတ် နောင်ရေးစိတ်အေးစေရန် သင့်တင့်သော ကိုယ်ပိုင် အိမ်ခန်းများ ဝယ်ယူနိုင်ရန်အတွက်လည်း ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လည်း အကြံပြုတိုက်တွန်းပြီးတော့ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နေ့စား ဝန်ထမ်းများ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားရှိနိုင်ရေး အခြေအနေနှင့် တက္ကသိုလ်အသီးသီးမှာ တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ အိမ်ခန်း၊ အဆောင်များ ချထားပေးရာတွင် သတ်မှတ်ထားသောမူဝါဒများ လိုအပ်လျက်ရှိသော အိမ်ခန်း၊ အဆောင်များရရှိရန် စီမံထားရှိတဲ့ အခြေအနေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာ အုပ်စု၊ ကဿဖကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စု၊ ကဿဖကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စု၊ ကဿဖကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် အခြေခံပညာမူလတန်းကျောင်းအဖြစ် ၁၉၅၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၄ ခုနှစ်မှ စတင်၍ ယနေ့အချိန်အထိ အဆင့်မြှင့်တင်လာခဲ့တဲ့ ကျောင်းဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူ အားလုံးပေါင်း (၁၀၂၈)ဦး ပညာသင်ကြားလျက်ရှိ ပါတယ်။ ကျောင်းပိုင်မြေအကျယ်အဝန်းမှာ (၂.၃၇)ကေရှိပြီး မြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ဖြင့် ပညာရေး ဌာနပိုင်မြေအဖြစ် တည်ရှိပါတယ်။ ရန်ကုန် – မော်လမြိုင် ကားလမ်းမဘေးတွင် တည်ရှိပြီး လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ခြင်း ကျောင်းသားများ အောင်ချက်ကောင်းမွန်ခြင်းတို့ကြောင့် နီးစပ်ရာ ကျေးရွာများမှ ကျောင်းသားဦးရေ ပိုမိုလက်ခံနေရပြီး ကျောင်းဆောင်များ အထူးလိုအပ်လျက်ရှိ ပါတယ်။ ထို့ကြောင့် ယခုစာသင်နှစ်တွင် သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား မိဘများမှ ထည့်ဝင်ငွေများ စုစည်း၍ အရေးပေါ်ကျောင်းဆောင်(၁)ခုကိုလည်း တည်ဆောက်နေ တယ်လို့ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျောင်းဆောင်နှင့် တိုးမြင့်လာသော ကျောင်းသားဦးရေရဲ့ ညီညွတ်မျှတမှုမရှိဖြစ်နေခြင်း၊ လက်ရှိကျောင်းဆောင်များမှာလည်း ဟောင်းနွမ်းဆွေးမြည့်နေခြင်း၊ ကျောင်းမှာလည်း ခိုင်ခံ့မှုမရှိသဖြင့် ယာယီအဆောင်များဖြင့်သာ ကျောင်းသားများ ပညာသင်ကြား နေရပါတယ်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စု၊ ကဿဖကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၁။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ၏ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ကျောက်ဖြူ(ရွာသစ်) အခြေခံပညာ မူလတန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်တစ်ဆောင်နှင့် ရွှေပြည်သစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ဝင်းစားထောင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့တွင် RC တစ်ထပ် ကျောင်းဆောင်တစ်ဆောင်စီတို့ကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ ဦးစွာ ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း အသစ်ဆောက်လုပ်ရန် ကျောင်းပေါင်း(၁၃)ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် (၆၄)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ပြီး အသစ်ဆောက်လုပ်ပေးရန် စီစဉ်ထားတဲ့ကျောင်း (၉၀)ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန်(၅)ကျောင်း၊ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် (၁၆)ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန် (၅)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၁၉၆)ကျောင်း ဆောက်လုပ်ရန် ရန်ပုံငွေအခြေအနေအရ ဦးစားပေးအဆင့်များ ခွဲခြားပြီး ထည့်သွင်း လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ဒီလို လျာထားတဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောက်တော်မြို့နယ်ရှိ ကျောက်ဖြူ(ရွာသစ်) အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ ရွှေပြည်သစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ဝင်းစားထောင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့တွင် တစ်ထပ် ကျောင်းဆောင်တစ်ဆောင်စီကို ဆောက်လုပ်ရန် ယခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေမှာ လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိရန် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ၏ မေးခွန်းဖြစ်သော ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ မံမလင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံ ပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း နှင့်စပ်လျဉ်း၍ ဖြေကြားအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း (၅၆၅၁)ကျောင်းသာ အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ဒီလိုအဆင့်တိုးမြှင့်တဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် ဇန်းမော်မြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပေါင်း (၈)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)(၁)ကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း(၁၇)ကျောင်း ဆောက်လုပ်ပေးခဲ့ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် သတ်မှတ်မှုမှာ အထက်ဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦးနှင့်အထက်ရှိခြင်း သို့မဟုတ် သွားလာရေးခက်ခဲတဲ့ တောင်တန်း၊ မြစ်ချောင်းပေါများတဲ့ဒေသဖြစ်ပါက အနီးဆုံးအထက်တန်းဆင့်သင် ကျောင်းနှင့် (၁၀)မိုင်အထက် ကွာဝေးခြင်းတို့ဖြစ်ပါတယ်။

တင်ပြပါ ကချင်ပြည်နယ်၊ ဇန်းမော်မြို့နယ်အတွင်းရှိ မံမလင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၁၅၁)ဦးသာရှိပြီးတော့ အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းဖြစ်သော ဇန်းမော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် (၇)မိုင်အတွင်းမှာ ရှိနေပါတယ်။ ဦးစားပေးအနေနဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာတော့ အဆင့်တိုးမြှင့်တဲ့အစီအစဉ်မှာ မပါရှိခဲ့ပါဘူး။ သို့သော် ဒီကျောင်းအနေနဲ့လည်း အခြေခံပညာအထက်တန်းကျောင်း ဘာသာရပ်များကို သင်ယူခွင့်ရရှိနေတဲ့ အခြေအနေရှိတာကြောင့်လည်း နောင် တိုးချဲ့တဲ့အခါမှာ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ၏ မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားရှိနိုင်ရေးအခြေအနေနှင့် တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား အိမ်ခန်း၊ အဆောင်များ နေရာချထားပေးရာတွင် သတ်မှတ်ထားသော မူဝါဒများနှင့် အိမ်ခန်း၊ အဆောင်များ ရရှိရန် မည်သို့စီမံထားသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးများတွင် နေ့စားဝန်ထမ်း အားလုံး (၄၄၆)ဦးကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ခန့်ထားခဲ့ပါတယ်။ အဆိုပါ နေ့စားလပေးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ရန်အတွက် ဝန်ထမ်းသစ်များခန့်ထားခြင်းကို ပြည်ထောင်စု

အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနများသို့ အဆင့်ဆင့် တင်ပြပြီး ခွင့်ပြုချက်ရယူပြီးမှ ကျွန်တော်တို့ ခန့်ထားရပါတယ်။ အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်း၊ ရုံးများရဲ့လိုအပ်ချက်များအားလုံးကို စုပေါင်းတွက်ချက်ပြီးမှသာ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော လျှောက်ထားသူများကို ရေးဖြေစာမေးပွဲ (မြန်မာ၊ အင်္ဂလိပ်၊ အထွေထွေဗဟုသုတ) ဘာသာရပ်များ စစ်ဆေးပြီးမှ တစ်ပြေးညီခန့်ထားခွင့် တောင်းခံဆောင်ရွက်ရပါတယ်။

လက်ရှိအခြေအနေတွင် အခြေခံပညာဦးစီးဌာန၏ ဖွဲ့စည်းပုံအား ပြင်ဆင်ရေးဆွဲ ဆောင်ရွက်နေသော ကာလဖြစ်သောကြောင့် အဆိုပါ ဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးခြင်းမပြုသေးဘဲ ဖွဲ့စည်းပုံများ ပြင်ဆင်ပြီးမှသာ အဆိုပါ ဝန်ထမ်းများအား ရေးဖြေ စာမေးပွဲဖြေဆိုစေပြီး အောင်မြင်သူများကိုသာ ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ တွဲဖက်ဌာနများမှ အောက်ခြေဝင်ပေါက်ရာထူးများအား ခန့်ထားနိုင်ရေးအတွက် ရာထူးအလိုက် ခန့်ထားလိုသည့် ဦးရေများအား ပြန်လည်စိစစ် ဆောင်ရွက်နေဆဲကာလဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား အိမ်ခန်း၊ အဆောင်များ နေရာချထားပေးရာတွင် လျှောက်ထားခွင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော အိမ်ခန်း လျှောက်ထားသူများကို ရာထူး(လစာနှုန်း)အလိုက်၊ အိမ်၊ အိမ်ခန်း သတ်မှတ်ချက်အလိုက် တန်းစီ ဇယားပြုစုခြင်း၊ တန်းစီဇယားပြုစုရာတွင်လည်း စုစုပေါင်းရမှတ် အနည်း၊ အများအလိုက် ဦးစားပေး စီစဉ်ရေးဆွဲခြင်း(လုပ်သက်ရမှတ်၊ အိမ်ထောင်ဦးစီးရမှတ်၊ ဇနီး/ခင်ပွန်းအတွက်ရမှတ်၊ သား/သမီး အတွက်ရမှတ်)စသည်ဖြင့် အိမ်ခန်းအလွတ်များရှိပါက စုစုပေါင်းရမှတ် အများ/အနည်းအလိုက် ပြုစု ထားသည့် တန်းစီဇယားထဲမှ အမှတ်အများဆုံး ရရှိထားသူကိုသာ ဦးစားပေး နေရာချထားခြင်းဖြစ်ပါ ကြောင်းတင်ပြအပ်ပါတယ်။ ဆရာ၊ ဆရာမများအတွက် အိမ်ခန်း၊ အဆောင်များ အဆင်ပြေစေရန် ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိသည့် ရန်ပုံငွေအခြေအနေအပေါ်မူတည်၍ ဆရာ၊ ဆရာမ ဝန်ထမ်း အိမ်ရာများ ထပ်မံတည်ဆောက်နိုင်ရန် နှစ်စဉ်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စု၊ ကဿဖကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းရှိ အန္တရာယ်ရှိကျောင်းဆောင်များကို ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် (၃၇)ကျောင်း၊ ကျောင်းသားဦးရေများလာလို့ တိုးချဲ့ဆောက်လုပ်မည့်ကျောင်း (၄၆)ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန် (၂)ကျောင်း၊ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် (၁)ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန် (၁)ကျောင်း၊ အားကစားရုံ ဆောက်လုပ်ပေးရန်(၁)ကျောင်း၊ လွှတ်တော်ကတိကဝတ်အရ အသစ်ဆောက်လုပ်ပေးရမည့်ကျောင်း(၁)ကျောင်း စုစုပေါင်း(၈၉)ကျောင်းတို့ကို ဦးစားပေးအဆင့်များ လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ သထုံမြို့နယ်အတွင်းမှာ လက်ရှိလျာထားချက်အရ အန္တရာယ်ရှိကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် (၁)ကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်မယ့် ကျောင်း(၆)ကျောင်း၊ သိပ္ပံဆောင် ဆောက်လုပ်ရန် (၁)ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန် (၁)ကျောင်း၊ အားကစားရုံ ဆောက်လုပ်ရန် (၁)ကျောင်း စသည်ဖြင့် စုစုပေါင်း(၁၀)ကျောင်း လျာထားဆောင်ရွက်ခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ သထုံမြို့နယ်၊ ကသဲဖကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၀၀ x ၃၀) ပေ RCC နှစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ရန်အတွက် လိုတဲ့ရန်ပုံငွေကိုတော့ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လျာထားနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။**　　။ မိုက်ပေးလိုက်ပါ။

**ဒေါ်အိအိပြုံး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။**　　။ အခုလို လာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မ သိချင်တာက နေ့စားလပေးဝန်ထမ်းတွေကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ဖို့အတွက် တိကျတဲ့အခြေအနေကို ကျွန်မ သိချင်တာဖြစ်ပါတယ်။ ထပ်ပြီးတော့လည်း တက္ကသိုလ်မှာရှိတဲ့ ဆရာ၊ ဆရာမတွေရဲ့ အိမ်ခန်းအဆောက်အအုံတွေအတွက် တိကျတဲ့အဖြေကို ကျွန်မ လိုချင်တာဖြစ်ပါတယ်။ အဲဒီတော့ ခုနက ဝန်ကြီးဖြေသွားတဲ့ အဖြေတွေမှာက ဘာလို့လဲဆိုတော့ စိစစ်ဆဲကာလ ဖြစ်တယ်။ နောက်ပြီးတော့ ဒီ နေ့စားလပေးဝန်ထမ်းတွေက (၃)နှစ်လောက် ဖြစ်နေပြီ။ ကျွန်မ မေးတာက ရောဝတီတိုင်းဒေသကြီး တစ်ခုထဲကို မေးတာမဟုတ်ပါဘူး။ တစ်နိုင်ငံလုံး အတိုင်းအတာကို မေးတာပါ။ (၃)နှစ်လောက် ဖြစ်နေပြီဆိုတဲ့အခြေအနေမျိုးကို ပြောပြီးတဲ့အချိန်မှာတောင်မှ ရေးဖြေစာမေးပွဲ ဖြေကြားရမယ်။ ဒီဟာတောင်မှ ဖွဲ့စည်းပုံက ပြင်ဆင်ဆဲတွေ ဖြစ်တယ်ဆိုတဲ့ မသေချာ၊

မရေရာတဲ့ အဖြေမျိုးတွေကိုပဲ ကျွန်မကို ပေးသွားတာဖြစ်ပါတယ်။ ကျွန်မက ဒီထက်ပိုပြီး တိကျတဲ့ အဖြေကို လိုချင်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မကို ဒီမှာပဲ ဖြေလို့ရရင်လည်း ဖြေပေးပါ။ မဟုတ်လို့ရှိရင်လည်း စာနဲ့ပြန်ပြီးတော့ ဖြေကြားပေးမယ်ဆိုရင်လည်း ဖြေကြားပေးပါလို့ တောင်းဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေပေးနိုင်လား။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယေဘုယျအားဖြင့် တင်ပြရရင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းတင် မကပါဘူး။ ဒါ ဝန်ကြီးဌာနအားလုံးအတွက် ဝန်ထမ်းခန့်ထားရေးဆိုင်ရာ မဟာဗျူဟာ (Policy) ရေးဆွဲနေတဲ့ကာလ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် သိသလောက်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနအပါအဝင် ဘယ်ဝန်ကြီးဌာနမှ နေ့စားကနေ အမြဲတမ်းဝန်ထမ်းအတွက် ခွင့်ပြုချက် မရရှိသေးဘဲ စိစစ်ဆောင်ရွက်ဆဲကာလသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို **၁၁:၀၄** နာရီအချိန်တွင် ခေတ္တရပ်နားပြီး **၁၁:၃၄** နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၄။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၁။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်မ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီ၏ တာဝန်ပေးအပ်မှုအရ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

**စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၉ - ၂၆၆**

**ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊** ဇွန်လ **၅ ရက်**

၁။ ပြည်သူ့လွှတ်တော်က မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ၂၂-၅-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာ ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)နှင့် ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၃-၆-၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၄-၆-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ(ည)၊ (ဍ)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၊ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ) နှင့် အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)၊ (ခ) ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ်ခွဲ (က)၊ (ဂ) နှင့် (ဃ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အခန်း(၅) ခေါင်းစဉ်၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ်ခွဲ(င)၊ (ဆ)၊ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(ဃ)၊ (ဌ)၊ (ဏ)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ခ) ၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၀ ခြေဆင်း၊ အပိုဒ် ၄၁၊ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ(ဂ) တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ပါသည်။။ ထို့ပြင် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဎ) ကို ပယ်ဖျက်သင့်ကြောင်းနှင့် ကျန်အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း ညှိနှိုင်းသဘော တူညီမှု ရရှိခဲ့ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကိုလည်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက်သင့်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေးကော်ပို ရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို ဥပဒေကြမ်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၆။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာ့ ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းအလိုက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ည) (၃)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၊ အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ)၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က) (ခ) (ဂ) တို့ကို အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်း ထားရှိရန်အတွက် လွှတ်တော်က အတည်ပြု ပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက် အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ခ) (ဂ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က) (ဂ) (ဃ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အခန်း(၅) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(င)(ဆ)၊ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ခ) တို့ကို အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ပါတယ်။ ဤတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(ဃ) (ဌ) (ဏ)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၀ ခြေဆင်း၊ အပိုဒ် ၄၁၊ အပိုဒ်ခွဲ(ခ) (ဂ)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ(ဂ) တို့ကို အမျိုးသားလွှတ်တော်၏ မူလ အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ပါတယ်။ ဤတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက် အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ရန် ဖြစ်ပါတယ်ရှင်။ ဤပယ်ဖျက်ချက်ကို အတည်ပြုပေးပါရန် လွှတ်တော်ကို တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်က ပြန်လည်အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ပါတယ်။ ဤတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏တင်ပြချက် အတည်ဖြစ်သည်။

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၁:၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၁။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပြန်လည်ပေးပို့လာတဲ့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်တွေကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်တွင်သာ အဆုံးအဖြတ် ခံယူသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၃။**

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊၁/အမ(ကော်မတီ ၁)၁/၂၀၁၉ -၂၆၀**

**ရက်စွဲ၊ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၃ ရက်**

၁။ ပြည်သူ့လွှတ်တော်က ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို ၂၄-၅-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊

ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၉-၅-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) အဓိပ္ပာယ် ပိုမိုရှင်းလင်းမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြု ထားသည့် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော ပညာရေးသုတေသန၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဆိုသည့်စကားရပ်ကိုပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များ အစား စီမံကိန်းဆိုသည်မှာ ပညာရေးဖွံ့ဖြိုး တိုးတက်မှုရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်သည့် ပညာရေးစီမံကိန်းကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား လေ့ကျင့်ရေးဆိုသည်မှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံ ခန့်ခွဲရေးဝန်ထမ်းများနှင့် အခြေခံပညာသင်ကြားရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်ကြားလေ့ကျင့်ပေးခြင်းတို့ကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များ အစား ပညာရေးစာရင်းအင်းဆိုသည်မှာ ပညာရေးဆိုင်ရာစာရင်းများကို ကောက်ယူစုစည်း ထားသော ကိန်းဂဏန်းနှင့် အချက်အလက်များကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား ပညာရေးဝန်ကြီးဌာနအောက်ရှိ စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် အခြေခံပညာ သင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်သင်ကြား ပေးရာတွင် ထိရောက်မှန်ကန်မှုရှိစေရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇ တွင် ဖော်ပြထားသော ချီးမြှင့်ငွေကို ဆိုသည့်စကားရပ်ကို ချီးမြှင့်ငွေနှင့် စရိတ်ကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မြန်မာစာအရေးအသားနှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ထားပြီးဖြစ်ပါသဖြင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းအပေါ် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၁-၆-၂၀၁၉ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအပေါ် စိစစ်ခြင်းအစီရင်ခံစာကို လွှတ်တော်၌ ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉ - ၂၆၅**

**ရက်စွဲ၊ ၂၀၁၉ ခုနှစ်** ၊ ဇွန်လ **၅ ရက်**

၁။ ပြည်သူ့လွှတ်တော်က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ၂၁-၅-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များနဲ့ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ၃-၆-၂၀၁၉ ရက်နေ့မှာ အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၄-၆-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါရှိပြီးဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(စ)နှင့် ယာယီမြေသိမ်းဆည်းရာတွင် လုပ်ကိုင်နိုင်သည့် လုပ်ငန်းစဉ် မတူညီသည့်အတွက် ကာလသတ်မှတ်ပြဋ္ဌာန်းလျှင် အခက်အခဲများစွာ ရှိနိုင်သည့်အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ) တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ပါကြောင်းနှင့်

ကျန်အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းသာထားရှိသင့်ကြောင်း ညှိနှိုင်းသဘော တူညီမှုရရှိခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါတယ်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကိုလည်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက်သင့်ပါကြောင်း တစ်ပါတည်းတင်ပြ အပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင် ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ် (၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် အဆုံးအဖြတ်ရယူလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ များကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၂။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အပိုဒ်၊ အပိုဒ်ခွဲအလိုက်တင်ပြပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ဤဥပဒေကြမ်း၏ အပိုဒ် ၃၊ အပိုဒ်ခွဲ(စ) နှင့် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ) တို့ကို အမျိုးသားလွှတ်တော်၏ မူလ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိပေးပါရန် တင်ပြအပ်ပါသည်။ ဤတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်က ပြန်လည် အတည်ပြုထားသော ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန် ဖြစ်ပါတယ်။ ဒီတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘော ကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၄။**

**ဦးဆန်းမြင့်၊ ရေဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရေဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် များကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ခံယူ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂:၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲ သည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂:၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ် မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၅။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာအပေါ်မှာ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် အခုလိုပုံမှန်အစည်းအဝေးတိုင်းတွင် အစီရင်ခံစာတင်သွင်းနိုင်အောင် ကြိုးစားပေးခဲ့ကြတဲ့ ကော်မတီဝင်များကို ကျေးဇူးအထူးတင်ပါကြောင်း ဦးစွာ ပထမ ပြောကြားလိုပါတယ်။ ဒါပေမဲ့ အစီရင်ခံစာတင်ပြီး နောက်နေ့ဆွေးနွေးခိုင်းတော့ အချိန်နည်းလွန်းပြီး ပြင်ဆင်ချိန်မရတာကိုတော့ နောက်နောင်များတွင် အချိန်ရအောင် ဆောင်ရွက် ပေးစေလိုပါတယ်။ ဒီကော်မတီ၏ အစီရင်ခံစာအပေါ် ကျွန်တော့်အနေဖြင့် (၅)ကြိမ်မြောက် ဆွေးနွေးခြင်းဖြစ်ပါတယ်။ ယခင်ဆွေးနွေးစဉ်ကလည်း ဒီကော်မတီဟာ အရေးကြီးကြောင်း၊ လွှတ်တော်၏ အသက်ဖြစ်ကြောင်းပြောခဲ့ပြီး ဖြစ်ပါတယ်။ ယခုအစီရင်ခံစာအရ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အဆို(၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၁၂၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၀၃)ခု၊ စုစုပေါင်း (၄၂၇)ခုရှိတဲ့ အပေါ်မှာ ကတိဖြစ်ပေါ်မှု (၂၆၉)ခု ရှိတယ်လို့ ပါရှိပါတယ်။

ပထမအကြိမ်မှ (၁၁)ကြိမ်မြောက်အထိ ကတိဖြစ်ပေါ်မှု ကြယ်ပွင့်ပြမေးခွန်း (၆၃၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၆၆၂)ခု၊ အဆို(၁၁)ခု၊ စုစုပေါင်း ကတိဖြစ်ပေါ်မှု(၁၃၀၄)ခု ရှိနေကြောင်း ဖော်ပြပါရှိပါတယ်။ ကျွန်တော့်အနေဖြင့် ဆွေးနွေးလိုတာက ကတိဖြစ်ပေါ်မှု(၁၃၀၄)ခုမှာ ဆောင်ရွက်ပြီးစီးမှုက (၂၉၁)ခုပဲ ရှိနေပါတယ်။ ဆောင်ရွက်စဉ်က (၁၀၁၃)ခုအထိ ရှိနေပါသေးတယ်။ ဆောင်ရွက်ရန် အကျန် အလွန်များလွန်းနေပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်ကာလကလည်း တစ်နှစ်ကျော်ပဲ ကျန်တော့ ကျွန်တော်တို့ကိုယ်စားလှယ်ကာလအတွင်းမှာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မလွယ်ကူနိုင်တော့ပါဘူး။ နောင်အစိုးရကိုတော့ တာဝန်တွေအများကြီး ပေးပို့ခဲ့ရမယ့် ပုံတွေဖြစ်နေပါတယ်။

ယခုကာလတွင် ကတိများ ဒီထက်ပိုမိုလျှော့ချနိုင်ရင် ကော်မတီအနေဖြင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများအပေါ် တွန်းအားပေးစေလိုပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ်ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကတိဖြစ်ပေါ်မှုအကြောင်းကိုလည်း ဆွေးနွေးပါမယ်။ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ကတိဖြစ်ပေါ်မှု (၄၈)ခုအထိပါရှိပါတယ်။ ဆောင်ရွက်ပြီးစီးမှုက(၅)ခုပဲ ပါ ပါတယ်။ ဆောင်ရွက်ဆဲ (၄၃)ခု အထိကျန်နေပါတယ်။ (၁၀)ရာခိုင်နှုန်းလောက်ပဲ ဆောင်ရွက်နိုင်ပါသေးတယ်။ ဆောင်ရွက်မှု နှေးကွေးနေကြောင်း တွေ့ရပါတယ်။

အစိုးရဝန်ကြီးဌာနများအနေဖြင့်လည်း ကျွန်တော်တို့ လွှတ်တော်အတွင်း အာမခံချက်နဲ့ ကတိတွေ ပြီးမြောက်အောင် ဆောင်ရွက်နိုင်တဲ့အတွက် ဘဏ္ဍာငွေ ခွဲဝေရရှိရေးဟာ အရေးကြီးသလို ကျွန်တော်တို့ လွှတ်တော်အတွင်း အာမခံချက်နဲ့ ကတိတွေကို စီမံကိန်းများရေးဆွဲတဲ့ အချိန် ကုစားပေးအပြစ်ပေးနိုင်ရေး အရေးကြီးပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများ၏ တောင်းဆိုချက်များကို ဤလွှတ်တော်အတွင်း ဆွေးနွေးထားခြင်းဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်ဖြစ်ပါတယ်။ ကတိများကို ဆောင်ရွက်ပေးခြင်းဟာလည်း ပြည်သူ့အကျိုးကို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ကျွန်တော့်အနေဖြင့် ပထမအကြိမ်မှ (၁၁)ကြိမ်အထိ အစည်းအဝေးကာလများတွင် မေးခွန်းပေါင်း (၇၁)စောင်အထိ မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ ကတိဖြစ်ပေါ်မှု(၃၆)စောင်ရှိနေပါတယ်။ ဆောက်ရွက်ပြီးစီးဖို့တော့ (၁၅)စောင်ရှိပါတယ်။ ကျွန်တော် မေးမြန်းခဲ့တဲ့ မေးခွန်းကတော့ ပြည်နယ်အစိုးရ၊ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ဝန်ကြီးဌာနပေါင်း (၁၁)ခုအထိ ကျွန်တော် မေးမြန်းခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်တွင် မေးမြန်းမှုများဟာ ပြည်သူများ၏ တောင်းဆိုမှု၊ ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းခြင်းဖြစ်ပါတယ်။

အစိုးရအဖွဲ့၏ တာဝန်ရှိ ဝန်ကြီးများအနေဖြင့် လာရောက်ဖြေဆိုမှုတွင် ကိုယ်စားလှယ်မှ မေးမြန်းသည့် မေးခွန်းများအပေါ် အလေးထားရန် အထူးလိုအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ၇-၂-

၂၀၁၉ ရက်နေ့တွင် ကြယ်ပွင့်မပြမေးခွန်းတစ်စောင်ကို မေးမြန်းခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာန အဖြေလွှာတွင် ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပါရှိပါတယ်။ တာဝန်ခံမှုအားနည်းနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ရန်ပုံငွေမရရှိပါက ဆောင်ရွက်မပေးနိုင်ဘူး ဆိုသလိုမျိုး ဖြစ်နေပါတယ်။

လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့တဲ့ မေးခွန်းများမှာ ဝန်ကြီးဌာန (၃)ခု၊ (၄)ခုလောက် ပူးပေါင်းဖြေဆိုရမည့် မေးခွန်းများ ရှိနေပါတယ်။ လာရောက်ဖြေဆိုတဲ့ ဝန်ကြီးများ အနေဖြင့် ဖြေဆိုရမည့်ဝန်ကြီးဌာန စုံလင်ခြင်းမရှိဘဲ ရရှိတဲ့အဖြေလောက်ကိုပဲ ဖြေဆိုခြင်းများလည်း ရှိနေပါတယ်။ နောက်တစ်ချက်အနေဖြင့် ကျွန်တော်တို့ ကိုယ်စားလှယ်မှ ဝန်ကြီးများ၏ ဖြေဆိုမှု ပြည့်စုံခြင်းမရှိကြောင်း ဆက်စပ်မေးခွန်း မေးမြန်းမှုများတွင်လည်း ထပ်မံစုံစမ်းပြီး ပြန်ဖြေပေးရမယ့် မေးခွန်းများကို အဖြေရရှိအောင် ဆောင်ရွက်ပေးမှု အားနည်းနေပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များဟာ လွှတ်တော်တွင် မေးခွန်းမေးပြီး မေးခွန်းများကို ပြန်မေး၍ မရရှိခြင်းကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရန် အားနည်းသွားစေပါတယ်။

နိဂုံးချုပ်အနေနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဆောင်ရွက်ချက်များကောင်းမွန်မှု၊ ကြိုးစားမှုများဟာ ကျွန်တော်တို့ ကိုယ်စားလှယ် များ၏ ပြည်သူ့အပေါ် တာဝန်ကျေမှု အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် ကော်မတီအနေဖြင့် အစိုးရအပေါ် တည့်မတ်ထိန်းကျောင်းပေးပြီး လွှတ်တော်တွင်ဖြေဆိုပေးမည့် ကတိများ ပြီးမြောက်အောင် ဆောင်ရွက်ပေးစေတဲ့အတွက် ကြိုးစားပေးစေလိုပါကြောင်း အကြံပြုရင်း ဆွေးနွေးနိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၀။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။

ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက် မြောက်နေ့ ၄-၃-၂၀၁၉ ရက်နေ့ အင်္ဂါနေ့မှာ ကျွန်းစုမြို့နယ်၊ ဒီရေတောများ ကေထောင်ချီ ခုတ်လှဲ အပြောင်ရှင်းပြီးတော့ သက်ဆိုင်ရာဌာနများမှ ခွင့်ပြုချက်မရှိဘဲ ပုစွန်ကန်များတူးဖော်နေတဲ့ ကုမ္ပဏီ

များကို ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးမြန်းခဲ့တာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကတိဖြစ်ပေါ်ခဲ့ပြီးတော့ ယနေ့ အချိန်အထိ မြေပြင်အခြေအနေမှာ ထူးခြားမှု မရှိသေးကြောင်း တွေ့ရပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်းစုမြို့နယ်၊ ကျားကြီးအော် ကျေးရွာအနီးမှာ ဒီရေတောများကိုသတ်ပြီး ပုစွန်ကန်တူးဖော်နေတဲ့ ပြည့်ဖြိုးထွန်းကုမ္ပဏီဟာ ၂၀၁၈ ခုနှစ်၊ ၁၁ လပိုင်းကတည်းက မည်သည့်အစိုးရဌာနအဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရှိဘဲနဲ့ ဒီရေတော များကို စတင်ခုတ်လှဲပြီးတော့ စီမံကိန်းကို စတင်ခဲ့ပါတယ်။ ၂၈-၁၂-၂၀၁၈ ရက်နေ့ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၈) ဆုံးဖြတ်ချက် အပိုဒ် ၅၁ အရ လုပ်ငန်း ပမာဏကြီးမားသဖြင့် မြေပြုပြင်ခြင်း၊ မြေညှိခြင်း၊ ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံ ပြုလုပ်ခြင်း အတွက် ကြိုတင်ဆောင်ရွက်ခွင့်ပြုကြောင်းကို ၁၀-၁-၂၀၁၉ ရက်စွဲဖြင့် ကြိုတင်ခွင့်ပြုခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံကိန်းကြိုတင်ခွင့်ပြုချက်ကို ၁၁-၄-၂၀၁၉ ရက်နေ့ဖြင့် ပယ်ဖျက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ ၁၈-၄-၂၀၁၉ ရက်နေ့တွင် ကုမ္ပဏီမှ တာဝန် ရှိသူကို ဥပဒေနဲ့ညီညွတ်မှုမရှိဘဲ စီမံကိန်းဆက်လက်လုပ်ဆောင်ပါက တည်ဆဲဥပဒေနဲ့အညီ အရေးယူ သွားမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့ပြီးတော့ ၁၉-၄-၂၀၁၉ ရက်နေ့မှာတော့ လုပ်ငန်းအား ခွင့်ပြုချက်ရရှိမှ ဆက်လက်လုပ်ဆောင်ရန် ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့မြေပြင်မှာ ၂၉-၄-၂၀၁၉ ရက်နေ့အထိ စီမံကိန်းဆက်လက်လုပ်ဆောင်နေတာကို ကြည့်ခြင်းအားဖြင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ အမိန့်၊ ညွှန်ကြားချက်တွေဟာ အဆိုပါကုမ္ပဏီများမှာ သက်ရောက်မှု မရှိကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ ဒီရေတောများကိုသတ်ပြီး ပုစွန်ကန်များ တူးဖော်ခြင်း စီမံကိန်း လုပ်ဆောင်နေတဲ့ နောက်ကုမ္ပဏီတစ်ခုကတော့ ခိုင်ဇင်ယော်ကုမ္ပဏီဖြစ်ပါတယ်။ ၎င်းကုမ္ပဏီဟာ မည်သည့်ဌာန၊ အဖွဲ့အစည်းများရဲ့ ခွင့်ပြုချက်မရရှိဘဲ ဒီရေတောများကို ခုတ်ထွင်ပြီး ပုစွန်ကန် တူးဖော်ခြင်း စီမံကိန်းကို ၂၀၁၇ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

၂၄-၄-၂၀၁၉ ရက်နေ့တွင် အုပ်ချုပ်ရေးမှူးအဖွဲ့ရဲ့ ကွင်းဆင်းစစ်ဆေးချက်အရ ကျွန်းစု မြို့နယ်၊ မစမ်းပါးကျေးရွာအနီး ခိုင်ဇင်ယော်ကုမ္ပဏီမှ ဒါရိုက်တာအား တွေ့ဆုံပြီးတော့ ဒီရေတောများကို သတ်ပြီး ပုစွန်ကန်တူးဖော်ခြင်းလုပ်ငန်းအား ခွင့်ပြုချက်မရရှိမီ ရပ်ဆိုင်းထားရန်နှင့် ခွင့်ပြုချက်မရှိဘဲ လုပ်ဆောင်မည်ဆိုပါက အရေးယူခံရမည်ဖြစ်ကြောင်း ခေါ်ယူဆွေးနွေးပြီး တားမြစ်အမိန့်စာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့အခြေအနေမှာ ယခုလ ၁-၆-၂၀၁၉ ရက်နေ့အထိ စီမံကိန်း ဆက်လက်လုပ်ဆောင်နေတာကို ကြည့်ခြင်းအားဖြင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများရဲ့ အမိန့်ညွှန်ကြားချက်တွေဟာ အဆိုပါ ခိုင်ဇင်ယော်ကုမ္ပဏီအပေါ်မှာ အချုပ်အခြာအာဏာ သက်ရောက်မှု မရှိကြောင်း လေးစားစွာဖြင့် တင်ပြလိုပါတယ်။

ဒီရေတောများကို ခုတ်လှဲအပြောင်းအလဲပြီး ပုစွန်ကန်တူးဖော်နေတဲ့ အဆိုပါကုမ္ပဏီ(၂)ခုရဲ့ ဥပဒေမဲ့ လုပ်ရပ်တွေအပေါ် သက်ဆိုင်ရာ အုပ်ချုပ်ရေးဌာန အဖွဲ့အစည်းများမှ တားမြစ်ချက်တွေ မလိုက်နာတာကို ကြည့်ခြင်းအားဖြင့် အဆိုပါ အာဏာပိုင်ဌာနများမှ ဥပဒေမဲ့လုပ်ရပ်တွေအပေါ် အရေးယူနိုင်မှုမရှိဘဲ တားမြစ်စာထုတ်ပြန်နိုင်ဖို့သာ လုပ်နေကြတဲ့အတွက်ကြောင့် အဆိုပါ အုပ်ချုပ်ရေး အာဏာပိုင်ဌာနများဟာ စာထုတ်တဲ့ဌာန၊ ပြန်ကြားရေးဌာနတစ်ခုအနေဖြင့်သာ တွေ့နေရပါတယ်။ သာမန်ပြည်သူတွေဟာ ဒီရေတောတစ်ပင် ခုတ်ရုံနဲ့ဥပဒေအရ တရားစွဲဆိုခံနေရတဲ့အချိန်မှာ ဥပဒေမဲ့ ဒီရေတောများကို ဧကရာချီ၊ ထောင်ချီ ခုတ်လှဲ အပြောင်းအလဲပြီးတော့ ပုစွန်ကန်များကို တိုးချဲ့တူးဖော်နေတဲ့ ကုမ္ပဏီများကျတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အကြီးအကဲများမှ ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့သလို နိုင်ငံပိုင် မီဒီယာများမှလည်း ဖော်ပြခဲ့ပါတယ်။ အဆိုပါ ကုမ္ပဏီဟာ ဒီရေတောများကို ခုတ်ထွင်ပြီး မြေအသုံးချခွင့်နှင့် MIC ရဲ့ခွင့်ပြုခြင်းမရှိဘဲ ပုစွန် မွေးမြူရေးစီမံကိန်းကို ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်မှ ယာယီလိုင်စင်ထုတ်ပေးနေတာကို ကြည့်ခြင်း အားဖြင့် သက်ဆိုင်ရာ ဌာနအကြီးအကဲများနှင့် လုပ်ငန်းစဉ်အကြား အဂတိတရား ကင်းစင်ရဲ့လား ဆိုတာ မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။

နိုင်ငံသားအချင်းချင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူများအပေါ်မှာ ဥပဒေအရ အကာအကွယ်ရယူ တန်းတူညီမျှစွာ အသက်မွေးဝမ်းကျောင်းပြုမှုတွေဟာ ငွေကြေးခနအင်အား ပြည့်စုံမှုကိုကြည့်ပြီးတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ခွဲခြားဆက်ဆံသလို ဖြစ်နေရာ၊ ဒါဟာလည်း ဝမ်းနည်းစရာကောင်းလှပါတယ်။ ဒီရေတောများ ဖြုန်းတီးပြီး ပုစွန်ကန်တူးဖော်ခြင်း စီမံကိန်းလုပ်ဆောင်မှုတွေဟာ တရားမဝင် ငွေကြေးခဝါချမှုတွေနဲ့ တရားမဝင် FDI ရင်းနှီးမြှုပ်နှံမှု တွေ ပါဝင်နေပါတယ်။ ဒီလို ---------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ နေပါဦး။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် အဓိကထားပြီးတော့၊ သူ့အစီရင်ခံစာ အပေါ် အဓိကထား ဆွေးနွေးရမှာလေ။

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ကျွန်တော့်ကတိနဲ့ ပတ်သက်ပြီးတော့ မြေပြင်မှာ လုပ်ဆောင်နေတာ မရှိတဲ့အတွက်ကြောင့် ကျွန်တော် ဆွေးနွေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အင်းလေ။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ခင်ဗျားပြောရမှာလေ။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီဟာပဲ ပြောရမှာလေ။

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ ကျေးဇူးတင်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကြိုတင်လုပ်ပိုင်ခွင့် မပြုခင်ကတည်းကပင် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းပြီး စီမံကိန်း စတင်ဆောင်ရွက်နေသော ပြည့်ဖြိုးထွန်းကုမ္ပဏီ (၉.၁၁.၂၀၁၈) မြင်ကွင်းပုံ (၈၈)



၂၅.၄.၂၀၁၉ ရက်နေ့အထိ ပုစွန်ကန်တူးဖော်ခြင်းစီမံကိန်း ဆက်လက်ပြုလုပ်နေသော ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ မြင်ကွင်းပုံ (၈၈-၁)




၁.၆.၂၀၁၉ ရက်နေ့ထိ ခိုင်ဇင်ယော် ကုမ္ပဏီမှ ပုစွန်ကန် တူးဖော်နေသည့် မြင်ကွင်းပုံ (၈၈-၂)



**အချိန်၊ ၁၂:၁၆။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ စပ်လျဉ်းပြီး အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၆။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံနိုင်ရန် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အထိ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်လွီးဇာ က ၆-၅-၂၀၁၉ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ အစီရင်ခံစာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီအစီရင်ခံစာနဲ့စပ်လျဉ်းပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း တို့က ဆွေးနွေးတင်ပြခဲ့ကြပြီးဖြစ်ပါတယ်။ ဆွေးနွေးတင်ပြပေးခဲ့ကြတဲ့ ကိုယ်စားလှယ်(၂)ဦးကို ကော်မတီကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်(၂)ဦး ဆွေးနွေးသွားတဲ့အထဲမှာ ပထမဦးဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမြင့်နိုင် ဆွေးနွေးသွားတဲ့အထဲမှာ ကတိကဝတ်တွေ များနေတယ်၊ ဆောင်ရွက်ပြီးစီးမှုမှာ နည်းနေတယ်၊ နောင်အစိုးရလက်ထက်ကို လွှဲပြောင်းပေးသွားမှာလားဆိုတဲ့ မေးခွန်း(၁)ခု၊ နောက်တစ်ခု ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့ အစီရင်ခံစာ တင်သွင်းတဲ့အချိန်နဲ့ ဆွေးနွေးတဲ့အချိန် ကပ်နေတာနဲ့ ပတ်သက်ပြီး တော့လည်း ဆွေးနွေးသွားပါတယ်။ ထောက်ပြခဲ့ပါတယ်။ မှန်ပါတယ်။ ကိုယ်စားလှယ်ကြီးဆွေးနွေး

သွားတဲ့ အချက်တွေအနေနဲ့ ကျွန်တော်တို့ မှန်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒါနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းပြလိုပါတယ်။

ကျွန်တော်တို့ အစီရင်ခံစာ မရေးခင်မှာ လွှတ်တော်ရဲ့ ပုံမှန်အစည်းအဝေးတွေ စတာနဲ့ လုံးကောက်တွေကို ကျွန်တော်တို့ စုစည်းရပါတယ်။ မေးမြန်းခဲ့တဲ့ ကိုယ်စားလှယ်များရဲ့ မေးခွန်းတွေ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများရဲ့ ဖြေကြားချက်တွေကို လုံးကောက်တွေ စုစည်းပါတယ်။ စုစည်းပြီးတဲ့အခါမှာ အဖွဲ့(၆)ဖွဲ့ခွဲပြီးတော့ ဝန်ကြီးဌာနအသီးသီးအတွက် ကျွန်တော်တို့ တာဝန်ပေးပါတယ်။ ကော်မတီကနေပြီးတော့ ကြိုတင်စိစစ်မှုတွေ ပြုလုပ်ပါတယ်။ ကော်မတီက ဦးစွာ လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေ ပြီးသွားတဲ့အခါမှာ လွှတ်တော် ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ကို ကျွန်တော်တို့ ရယူပြီးတော့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များကို ဖိတ်ကြားပါတယ်။ သတ်မှတ်တဲ့ရက်မှာ ကော်မတီနဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိသူတွေ ညှိနှိုင်းပေါင်းစပ် အတည်ပြုပြီးတော့မှ ကတိကဝတ်စာရင်းတွေ ထွက်ရှိလာတာဖြစ်ပါတယ်။ အဲဒါပြီးတဲ့နောက်မှာ ကော်မတီဝင်များရဲ့ အကြံပြုချက်တွေ၊ ကွင်းဆင်းစိစစ်မှုတွေ၊ ကော်မတီရုံးခန်းမှာ တာဝန်ရှိသူများနဲ့ ခေါ်ယူကြားနာမှုတွေကို စုစည်းပြီးတဲ့နောက်မှာမှ အစီရင်ခံစာ ရေးသားရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအစီရင်ခံစာနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ရယူပြီးမှ လွှတ်တော်ကို အစီရင်ခံစာ တင်သွင်းရတာဖြစ်ပါတယ်။ ဒီအတွက် အချိန်ယူရတာဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းမှုကို လွှတ်တော် ပြီးဆုံးခါနီးမှ တင်သွင်းရတဲ့အခြေအနေဖြစ်သွားပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့ တင်ပြဆွေးနွေးမှုကို အလေးအနက်ထားပါမယ်။ အစီရင်ခံစာ တင်သွင်းချိန်နဲ့ ကိုယ်စားလှယ်ကြီးတွေရဲ့ ဆွေးနွေးချိန်ကို အနည်းဆုံး ၂ ရက်၊ ၃ ရက်ခွာပြီး အချိန်ရအောင် ပြင်ဆင်နိုင်ဖို့ ကော်မတီမှာ ဆွေးနွေးပေးပါမယ် ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ကတိကဝတ်တွေ များပြားနေတာနဲ့ပတ်သက်ပြီး ဆောင်ရွက်ပြီးစီးမှုတွေ အားနည်းနေတာ၊ နောင်အစိုးရကို လွှဲပြောင်းပေးသွားမှာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ပထမပုံမှန်မှ (၁၁)ကြိမ်မြောက်ပုံမှန်အထိကို ကတိဖြစ်ပေါ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်းဟာ (၆၉၈)ပုဒ် ရှိပါတယ်။ ပထမပုံမှန်မှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိကို ကြယ်ပွင့်မပြ မေးခွန်းတွေက (၈၆၁)ပုဒ် ရှိပါတယ်။ ပထမပုံမှန်မှ (၁၁)ကြိမ်မြောက်ပုံမှန်အထိကို အတည်ပြုခဲ့တဲ့ အဆိုများဟာ (၁၄)ခု ရှိပါတယ်။ အားလုံးစုစုပေါင်းဟာ(၁၅၇၃)ပုဒ် ရှိပါတယ်။ ပယ်ဖျက်ခဲ့တဲ့ စာရင်းတွေအနေနဲ့ကတော့ ပထမပုံမှန်ကနေ ဒသမပုံမှန်အထိ ကြယ်ပွင့်ပြမေးခွန်း (၁၃၀)ပုဒ် ပယ်ဖျက်ပြီး ဖြစ်ပါတယ်။ ပထမပုံမှန်မှ ဒသမပုံမှန်အထိ ကြယ်ပွင့်မပြမေးခွန်း (၁၆၀)ပုဒ် ပယ်ဖျက်ခဲ့ပါတယ်။ ပထမပုံမှန်မှ ဒသမပုံမှန်အထိ

အတည်ပြုအဆို(၁)ခု ပယ်ဖျက်ခဲ့ပါတယ်။ အဲဒီတော့ စုစုပေါင်းဟာ (၂၉၁)ပုဒ် ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့သလိုပါပဲ၊ ကတိဖြစ်ပေါ်ခဲ့တာတွေက ပထမပုံမှန်အစည်းအဝေးကနေ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိကို (၁၅၇၃)ပုဒ်မှာ ပယ်ဖျက်ပြီးတဲ့စာရင်းဟာ (၂၉၁)ပုဒ် ဖြစ်နေတဲ့အတွက် လက်ကျန်ဟာ (၁၂၈၂)ပုဒ် ဖြစ်နေပါတယ်။ ဒါဟာ ကျွန်တော်တို့ လက်ကျန် ကတိကဝတ် ဖြစ်ပေါ်မှုတွေ များပြားနေတယ်ဆိုတာကို ထောက်ပြသွားတဲ့အပေါ်မှာ ပြန်လည် ပြီးတော့ ဆွေးနွေးလိုတာဖြစ်ပါတယ်။

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ ကလည်း ဝန်ကြီးဌာနများမှ လုပ်ငန်းပြီးစီးပြီးတော့ ပယ်ဖျက်ပေးဖို့ တင်ပြလာတာတွေကို အမှန် မြေပြင်မှာ ပြီး၊ မပြီးနဲ့ အရည်အသွေး စံချိန်စံညွှန်းများ ကိုက်ညီမှု ရှိ/မရှိတို့ကို ကော်မတီကနေပြီးတော့ ကွင်းဆင်း၍သော်လည်းကောင်း၊ ကွင်းဆင်းမစစ်ဆေးနိုင်တဲ့ဒေသတွေမှာ မေးမြန်းခဲ့တဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြန်ကြားချက်များကိုလည်းကောင်း အမြဲစစ်ဆေးလျက်ရှိပါတယ်။

သို့အတွက် ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ မေးခွန်း၊ အဆိုများနဲ့ ပတ်သက်ပြီးတော့ အချက်အလက်များ တောင်းခံတဲ့အခါမှာ အလျင်အမြန် ပြန်လည်ပြီးတော့ ပေးအပ်ဖို့ကို လွှတ်တော်မှာ ကျွန်တော်တို့အနေနဲ့ ဒါကိုလည်း တင်ပြလိုပါတယ်။ ဒါ့အပြင် ကွဲလွဲချက်တွေ ရှိတယ်ဆိုရင်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ကုမ္ပဏီတွေ၊ နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ထပ်မံညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့က လွှတ်တော် ကိုယ်စားလှယ်ကြီးတွေက သဘောတူပြီဆိုတော့မှ ကတိကဝတ်စာရင်းကို ပယ်ဖျက်တာဖြစ်ပါတယ်။ ကတိကဝတ်စာရင်းဟာ လက်ကျန်ကတိကဝတ်စာရင်း များပြားနေရတဲ့ အကြောင်းအရင်းတွေကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာမှ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေများပြားနေတာ တစ်ချက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကလည်း ဘတ်ဂျက်အတည်ပြုရရှိပြီးမှသာ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျောင်းအဆင့်တိုးရင် ခွင့်ပြုပေးခဲ့တာတွေ၊ ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)၊ ကျေးလက်ဆေးပေးခန်းတွေ၊ တိုက်နယ်ဆေးရုံတွေ၊ ခွင့်ပြုချက်တွေ ချပေးခဲ့တာတွေ၊ ဒါတွေကို ကိုယ်စားလှယ်ကြီးတွေဆီကနေ ကျွန်တော်တို့ အတည်ပြုချက်တွေ ရယူနေတာကြောင့်လည်း ကျွန်တော်တို့ ပယ်ဖျက်ဖို့စာရင်းထဲမှာ ကြန့်ကြာနေရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ဝန်ကြီးဌာနများရဲ့ ပုံမှန် ဆောင်ရွက်နေရတဲ့ ဆောင်ရွက်ချက်တွေကို သိရှိလိုလို့ မေးမြန်းထားတာရှိပါတယ်။ ဒါတွေကလည်း တကယ်တမ်းမှာတော့ ကျွန်တော်တို့က ကတိကဝတ်အဖြစ် မထားရင်လည်းရတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးတွေက သက်ဆိုင်ရာဒေသ၊ သက်ဆိုင်ရာပြည်သူလူထုကို ကိုယ်စားပြုပြီးတော့ ကျွန်တော်တို့ အလေးအနက်ထားပြီး လွှတ်တော်မှာ မေးမြန်းခဲ့တဲ့ မေးခွန်းတွေဖြစ်တော့ ကျွန်တော်တို့အနေနဲ့လည်း ဒီမေးခွန်းတွေကို အလေးအနက်ထားပြီးတော့ ကတိကဝတ်အဖြစ်

သတ်မှတ်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများကနေပြီးတော့မှ အကြောင်းပြန်ကြားချက်များကို ကျွန်တော်တို့အနေနဲ့ ပြည့်စုံလုံလောက်စွာ ရရှိပြီးတော့မှ မေးခွန်းမေးမြန်းခဲ့တဲ့ ကိုယ်စားလှယ်များကို အကျိုးအကြောင်းနဲ့ ပြန်လည်ရှင်းပြပြီးမှ ပယ်ဖျက်စာရင်းထဲမှာ ကျွန်တော်တို့ ထည့်သွင်းတာဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့လည်း မေးခွန်းတွေ များပြားနေရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ တစ်ခုတင်ပြလိုပါတယ်။ ၂၀၁၉-၂၀၂၀ ဘတ်ဂျက် အတည်ပြုပြီးမှ လုပ်ရမယ့်လုပ်ငန်းစဉ်တွေ များပြားပါတယ်။ ဘတ်ဂျက်အတည်ပြုပြီးမှ လုပ်ရမှာ ဖြစ်တဲ့အတွက် ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအဖွဲ့ဝင်များကိုလည်း အသိပေးတင်ပြလိုပါတယ်။ ဒေသခံပြည်သူများရဲ့ကိုယ်စား ဒေသရဲ့အကျိုး၊ ပြည်နယ်၊ တိုင်းဒေသကြီးများ အကျိုးအတွက် ကိုယ်စားပြု မေးမြန်းခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ မေးမြန်းချက်များကို လာရောက် ဖြေကြားပေးခဲ့ကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့မှ တာဝန်ရှိသူများရဲ့ ဖြေကြားချက်များအပေါ် ကတိကဝတ်ဖြစ်ပေါ်ခဲ့မှုတွေကို ပြည်ထောင်စုလွှတ်တော် ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအဖွဲ့ဝင်များအနေနဲ့ ဘတ်ဂျက်ဖြတ်တောက်မှုများ မပြုလုပ်ကြဖို့လည်း အသိပေးတင်ပြလိုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့ အဆိုတွေ၊ မေးခွန်းတွေကို ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စဉ်ဆက်မပြတ် ရေရှည်လုပ်ဆောင်ရမယ့်လုပ်ငန်းတွေ ဖြစ်တယ် ဆိုတာကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနများက တွေ့ရှိတဲ့အခါမှာ တာဝန်ရှိအကြီးအကဲများကနေ ကျွန်တော်တို့ကို ဒါတွေကို ဆွေးနွေးခဲ့တာ ရှိပါတယ်။ ဒါပေမဲ့ အဲဒီလို မေးခွန်းတွေကို ပယ်ဖျက်နိုင်ဖို့ အတွက်လည်း ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းတိုင်ပင်နေပါတယ်။ ကိုယ်စားလှယ်များရဲ့ သဘော တူညီချက်ရပြီးတဲ့အခါမှာ လွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြပြီးတော့ လမ်းညွှန်မှုခံယူပြီး ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

နောက်ဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးဇော်ဟိန်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒီရေတောများကို ခုတ်ထွင်ပြီး ပုစွန်ကန် တူးဖော် နေမှုများကို ရပ်ဆိုင်းပေးဖို့နဲ့ ပတ်သက်ပြီးတော့ အကောင်အထည်ဖော်မှုဟာ အားနည်းနေတယ် ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးချက်နဲ့ပတ်သက်လို့တော့ ကော်မတီအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာကုမ္ပဏီ၊ နောက်ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများကို ဖိတ်ကြားပြီးတော့ ကော်မတီရုံးခန်းမှာ ဦးစွာကြားနာပေးမှာဖြစ်ပါတယ်။ ကြားနာစိစစ်မှုများအပေါ် အခြေခံပြီးတော့မှ ကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက် ရရှိပြီဆိုရင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြ ခွင့်ပြုချက်ရယူပြီးတဲ့နောက်မှာ ကွင်းဆင်းစိစစ်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးတင်ပြလို ပါတယ်။

အချုပ်အားဖြင့် ဆွေးနွေးတင်ပြခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီး(၂)ဦးကို ကျေးဇူးတင်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဆွေးနွေးတင်ပြချက်များကိုလည်း အလေးအနက်ထားပြီးတော့ ကော်မတီမှာ ကျွန်တော်တို့ ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးပေးသွားပါမယ်ဆိုတဲ့အကြောင်းကို တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၂:၂၆။**

**ဥက္ကဋ္ဌ။** ။ ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၂၆။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံပေးပါရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိမ်းဆွေ မှ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၂၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၂:၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ **၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်** (၁၂)ကြိမ်မြောက်**ပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့မှ ဇွန်လ ၆ ရက်နေ့အထိ အစည်းအဝေး ကျင်းပရက် (၁၆)ရက်အတွင်း အမျိုးသား လွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့ -**

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ -**

**လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၁၁၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၅၃)ခုတို့ကို မေးမြန်းခဲ့ပါတယ်။**

**လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။**

**အဆိုတင်သွင်းခြင်းကဏ္ဍမှာ -**

ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ မြန်မာ့ပင်လယ် ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရေနံ ဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ ကြီးမားသည့် မတော်တဆထိခိုက်မှု အန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution)ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသ ကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စု အစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ်ကာကွယ် တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ

လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို အတည်ပြုခဲ့ပါတယ်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန် စီးပွားရေးတွင် တစ်နိုင်တစ်ပိုင် ပါဝင်ရန် နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ဖို့ အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေး ရှာဖွေခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို၊ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့် ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိက ပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတို့ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူညီခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ -**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆို တင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက် ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

- သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းနှင့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် –**

မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် –**

အခြေခံပညာရေးဥပဒေကြမ်းနှင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး** တင်သွင်းသည့် တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာ ကော်မတီ) တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။** အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီ အစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၁၈)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၂)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ

စိစစ်ရေးကော်မတီ (၁၄)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (၇)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (၄)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၆)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၅)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၇)ကြိမ်၊ အမျိုးသမီး နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ (၆)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ (၄)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁၀) ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၆)ကြိမ် စုစုပေါင်း ကော်မတီ အစည်းအဝေး (၁၁၂)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို(၂)စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၃၈)ဦးက သိရှိလိုတဲ့ သတင်းအချက်အလက်မေးမြန်းခဲ့မှု (၆၅)ခု အနက် (၃၄)ချက်ကို ရှာဖွေပေးခဲ့ပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိ ကြပြီး မိမိတို့ရဲ့ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂:၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို **၁၂:၃၇** နာရီအချိန်တွင် ရပ်နားပါသည်။]